# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၉၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်လေတပ်စခန်းမိသားစုမဟာသင်္ကြန်မဏ္ဍပ်၊ နေပြည်တော်လမ်းလျှောက်သင်္ကြန်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိသားစုမဟာသင်္ကြန်မဏ္ဍပ်များသို့ သွားရောက်၍ မိသားစုများနှင့်အတူ ပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲ



နေပြည်တော် ဧပြီ ၁၅

**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန် အကြတ်နေ့ဖြစ်သော ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက မဟာသင်္ကြန် ရေသဘင်ပွဲကို ပျော်ရွှင်စွာပါဝင် ဆင်နွှဲလျက်ရှိသည်။**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ နေပြည်တော် လေတပ်စခန်း မိသားစု မဟာသင်္ကြန်မဏ္ဍပ်သို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ အတာရေသဘင်ပွဲကို ပါဝင်ဆင်နွှဲပြီး အနုပညာရှင်များ၊ မိသားစုယိမ်းအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❑

### ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် လေတပ်စခန်း မိသားစု မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



# အကြမ်းဖက်ခံနေရသည့် မြန်မာ့ရိုးရာ နှစ်ကူးသင်္ကြန်

နှစ်ဟောင်းတစ်ခုကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးပွဲတော်များ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ရိုးရာဓလေ့အလိုက် ပျော်ပျော်ရွှင်ရွှင်၊ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြစမြဲဖြစ်သည်။ တစ်နှစ်တွင် တစ်ခါသာ ကျင်းပရသည့် နှစ်သစ်ကူးပွဲတော်များက လူတို့၏ စိတ်နှလုံးကို ပျော်ရွှင်ကြည်နူးစေသည်။ ပျော်ပွဲရွှင်ပွဲများနှင့်အတူ ကောင်းမှုကုသိုလ်များ ပြုလုပ်ကြပြီး နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုကူးပြောင်းကြသည်။

မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်မှာ သင်္ကြန်ဖြစ်ပြီး ကျင်းပလာခဲ့သည့်ကာလမှာလည်း နှစ်ပေါင်း ထောင်ချီခဲ့ပြီဖြစ်သည်။ ဘာသာရေးပွဲမဟုတ်ဘဲ ရိုးရာယဉ်ကျေးမှုပွဲဖြစ်သည့်အလျောက် လူတိုင်းပျော်ရွှင်နိုင်ကြသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲ မမှန်မကန်ကိစ္စများကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပဋိပက္ခအတွင်း အစွန်းရောက်အတွေးအခေါ်များနှင့် အကြမ်းဖက်ဝါဒတို့ ထွက်ပေါ်လာပြီး လူမှုကွန်ရက်များမှတစ်ဆင့် ပြည်သူလူထုကို ခြိမ်းခြောက်နှောင့်ယှက်မှုများလည်း ဖြစ်ပေါ်လာသည်။ သာမန်အားဖြင့် ပြည်သူလူထု၏ အေးချမ်းပျော်ရွှင်စွာ နေလိုမှုသည်ပင်လျှင် အကြမ်းဖက်ဝါဒီတို့အဖို့ မလိုလား၊ မရှုဆိတ်ဖွယ်ရာ ဖြစ်နေသည်။

ယခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်နှင့် ပတ်သက်၍လည်း သင်္ကြန်မတိုင်မီကာလကတည်းကပင် ပြည်သူလူထုကို ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ကြသည့်အပြင် သင်္ကြန်ကာလအတွင်း ပြည်သူလူထုကို ဖျော်ဖြေမှုပေးသည့် အနုပညာရှင်များကို ဆဲရေးတိုင်းထွာမှုများ ပြုလုပ်လျက်ရှိကြသည်။ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြသည့် အပြစ်မဲ့ပြည်သူများကို ကာယကံမြောက် ဖောက်ခွဲတိုက်ခိုက်မှုများကို ရက်စက်စွာ အကြမ်းဖက်ပြုလုပ်ခဲ့ကြသည်။ ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ လားရှိုးမြို့တွင် လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံးခဲ့ရပြီး အသက်သုံးနှစ်အရွယ် ကလေးတစ်ဦး အပါအဝင် ပြည်သူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုနေ့တွင်ပင် စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာ အ.လ.က ကျောင်းရှေ့တွင် ရေကစားနေသော ကျေးရွာသူကျေးရွာသားများနှင့် ကလေးငယ်များကို ဒရုန်းဖြင့် ဗုံးလေးလုံး ကြဲချတိုက်ခိုက်ခဲ့သဖြင့် ကလေး ငါးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ရှစ်ဦး သေဆုံးခဲ့ရပြီး ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်၌ ကလေးများအပါအဝင် ပြည်သူများ ရေကစားနေစဉ် ဒရုန်းယာဉ်ဖြင့် ဗုံးချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ငွေတွင်းကျေးရွာတွင်လည်း ဒရုန်းယာဉ်ဖြင့် ဗုံးနှစ်လုံးပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကလေးသုံးဦးအပါအဝင် ကျေးရွာသူကျေးရွာသား ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရှေးပဝေသဏီမှသည် မျက်မှောက်ကာလအထိ နှစ်စဉ်မပျက် ကျင်းပလာခဲ့သည့် ရိုးရာနှစ်သစ်ကူးပွဲတော်သည် နိုင်ငံရေး၊ စစ်ရေးတို့နှင့် မသက်ဆိုင်သကဲ့သို့ အကြမ်းဖက်သတ်ဖြတ်ဖျက်ဆီး၍လည်း ရစကောင်းသောအရာမဟုတ်။ ပြည်သူလူထု၏ အေးချမ်းပျော်ရွှင်မှုသည် ပြည်သူ့အကျိုးစီးပွားကို လိုလားသည့်အစိုးရတိုင်းက ဖြည့်ဆည်းပေးအပ်သော ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်ပင်ဖြစ်သည့်အတွက် သင်္ကြန်ပွဲတော်ကို ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခြင်းသည် မလိုလားအပ်သောကိစ္စလည်း မဟုတ်ပေ။ ပြည်သူလူထု၏ အေးချမ်းသာယာမှုကို ဖျက်ဆီး၍ တိုင်းပြည်ကို အလုံးစုံပျက်သုဉ်းသည့်လမ်းကြောင်းပေါ်သို့ ပို့ဆောင်လိုသည့် အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်ဝါဒီတို့သည်သာလျှင် ပျက်စီးချုပ်ငြိမ်းမှုနိဂုံးသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း။ ။



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ကျောင်းတိုက် ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုများ အနီးကပ်ကြီးကြပ်ဆောင်ရွက်



မန္တလေး ဧပြီ ၁၅

မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်တွင် သီတင်းသုံးနေတော်မူသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက သွားရောက်ဖူးမြော်ကာ ကျန်းမာရေး အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လျှောက်ထားခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်နှင့် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ စစ်ဆေးပေးပြီးနောက် ဆရာတော်ကြီးအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုကို အနီးကပ်ကြီးကြပ်ပြီး အပြည့်အဝဆောင်ရွက်ကုသမှု ပေးနိုင်ရန်အတွက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ မန်းတောင်ရိပ် ကိုးထပ်ဆောင်၏ ငါးထပ်တွင် အထူးသီးသန့်ခန်းသို့ ပင့်ဆောင်ပြီး အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးမှုများကို အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဆရာတော်ကြီးအား ဖူးမြော်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် စနစ်တကျ အထူးကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေစဉ်အတွင်း ဆရာတော်ကြီးအား ဖူးမြော်ခြင်းနှင့် ကျန်းမာရေးအခြေအနေ လျှောက်ထားမှုများကို လတ်တလောကျန်းမာရေး အခြေအနေအရ ခွင့်မပြုထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အေးမြစေကြောင်း

* နေရစ်တော့ နှစ်ဟောင်းရေ၊
နှစ်ဦးကြို သင်္ကြန်ပွဲကို
ဆင်နွှဲစို့ဆွေ၊
သပြေပန်းရယ်နဲ့
ရေဖျန်းတဲ့ အတာနွေ
သင်္ကြန်ရေ အေးမှအေး။
ပုရစ်ဖူးစိုစို . . . .
နှစ်ဦး အတာကြိုတဲ့
ပိတောက်ပျို ရွှေရည်ဝင်းတယ်
သင်းပျံ့ပျံ့မွှေး။

* တစ်လှည့်တစ်ပြန် ရေလောင်းလို့
ဆွေအပေါင်းတို့ ပျော်ရွှင်
ပွဲတော်ကြီးဆင်၊
မြန်မာတို့ နှလုံးဘဝင်
ပြုံးရွှင်လို့ ကြည်နူး။
ယဉ်ပါပေ့ယဉ် . . . .
အစဉ်အလာဓလေ့ အသရေဆင်တဲ့
ရေသဘင် ခြိမ့်ခြိမ့်သဲ
နွှဲတယ်လို့မြူး။

* အတာသင်္ကြန် အခါသမယ
ဒါနပြု ကုသိုလ်ယူ၊
စတုဒိသာ ညှော်ခံကျွေးလို့
ဘေးမဲ့ပေးလှူ
သဒ္ဓါက တလူလူ
ကြည်ဖြူတဲ့စိတ်ထား။
ခေါင်းဆေးမင်္ဂလာနဲ့
ရေအတာ သွန်းကာလောင်းတယ်
တောင်းဆုတွေပွား။

* နှစ်ဟောင်းလွန် နှစ်သစ်ဦး
ကြည်နူးဖွယ် သင်္ကြန်အတာ
မြန်မာ့ရိုးရာ၊
လန်းဆန်းလို့ သစ်လွင်ကာ
ချစ်ကြင်နာ မေတ္တာလောင်း။
ငြိမ်းချမ်းသာ ဘေးရန်ဝေးကာ
အေးမြစေကြောင်း။ ။

ရေနံ့သာမောင်ကျော်ညွှန့်

## ဟသ်ာတမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကြတ်နေ့ ဗဟိုမဏ္ဍပ်တွင် ရေကစားသူများဖြင့် စည်ကားလျက်ရှိ




ဟင်္သာတ ဧပြီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဗဟိုမဏ္ဍပ်တွင် မဟာသင်္ကြန်အကြတ်နေ့က ပြည်သူများအေးချမ်းပျော်ရွှင်စွာ ရေပက်ကစားလျက်ရှိကြသည်။

အဆိုပါ သင်္ကြန်ပွဲတော် ကျင်းပရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့်အဖွဲ့ဝင်များ ကြီးကြပ်မှုများဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ယိမ်းအဖွဲ့များ၏ အကဖျော်ဖြေရေးအစီအစဉ်များ၊ အဆိုတော်များက တေးသီချင်းများဖြင့် သီဆို ညှော်ခံဖျော်ဖြေလျက်ရှိပြီး စတုဒိသာများ ကျွေးမွေးခြင်းများလည်း ပြုလုပ်ကြပြီး ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ရေပက်ကစားကြကာ စည်ကားလျက်ရှိသည်။

ခရိုင်(ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ခါတော်မီ မိသားစုအတာရေသဘင်မဏ္ဍပ်၌ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်သို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၅

မြန်မာသက္ကရာဇ် (၁၃၈၄-၁၃၈၅) ခုနှစ် မြန်မာ့ရိုးရာမဟာအတာ သင်္ကြန်အကြတ်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲတော် ဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ခါတော်မီ မိသားစု အတာရေသဘင်မဏ္ဍပ်သို့ရောက်ရှိကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ တေးသီချင်းများ သီဆိုဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ခါတော်မီ မိသားစု အတာရေသဘင်မဏ္ဍပ်၌ ရေသဘင်ပွဲတွင် ပါဝင်ဆင်နွှဲနေကြသူများအား အတာရေများ ပက်ဖျန်းစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်မတော်နည်းပညာတက္ကသိုလ် တက္ကသိုလ်ပိတောက်ဝါ မိသားစု အတာရေသဘင်မဏ္ဍပ်၌ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တပ်မတော်အင်ဂျင်နီယာကျောင်း ပိတောက်ချယ်ရီ မိသားစုအတာရေသဘင်မဏ္ဍပ်၌ မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၃ မှ*

ဆင်နွှဲနေကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည် မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုအားပေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ် တက္ကသိုလ်ပိတောက်ဝါ မိသားစု အတာ ရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဗိုလ်လောင်းများက သောင်းသောင်းဖြဖြ လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းများ သီဆိုဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်မတော်နည်းပညာတက္ကသိုလ် တက္ကသိုလ်ပိတောက်ဝါ မိသားစုအတာရေသဘင်မဏ္ဍပ်၌ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် ဗိုလ်လောင်းများအား အတာရေများ ပက်ဖျန်းစဉ်။

### ဂုဏ်ပြုဆုငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် ဗိုလ်လောင်းများနှင့် တပ်မတော်နည်းပညာ တက္ကသိုလ်မှ အရာရှိကြီးများအား အတာရေများ ပက်ဖျန်းကြပြီး သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည် မိသားစုများအား ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### အတာရေပက်ဖျန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်အင်ဂျင်နီယာကျောင်း ပိတောက်ချယ်ရီ မိသားစုအတာရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်၊ မိသားစု သင်္ကြန်ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား အတာရေများ ပက်ဖျန်းပေးခဲ့ကြကြောင်းနှင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည် မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ခါတော်မီ မိသားစုအတာရေသဘင်မဏ္ဍပ်၌ ယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ပိတောက်ချယ်ရီ မိသားစုအတာရေသဘင်မဏ္ဍပ်၌ ရေသဘင်ပွဲ ပါဝင်ဆင်နွှဲနေကြသူများအား အတာရေများ ပက်ဖျန်းစဉ်။

❑ ရှေ့ဖုံးမှ

အလားတူ ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာ လမ်းဆုံအထိ ဇုန် လေးဇုန် သက်မှတ်ကာ ခေတ်နှင့်အညီ ကျင်းပလျက်ရှိသည့် နေပြည်တော် လမ်းလျှောက်သင်္ကြန်သို့ သွားရောက်၍ ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီးဝင်း အတွင်းရှိ မြန်မာ့ရိုးရာအတာ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီးဝင်း အတွင်းရှိ မြန်မာ့ရိုးရာအတာသင်္ကြန်ရေကစားမဏ္ဍပ်၌ မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

သင်္ကြန် ရေကစားမဏ္ဍပ်သို့ သွားရောက်၍ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ မိသားစု သင်္ကြန် ယိမ်းအကအဖွဲ့များ၏ တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြ ဖျော်ဖြေနေမှု၊ မိသားစုများပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြပြီး သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် ယိမ်းအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ ဇေယျာသီရိမဏ္ဍပ်၊ စိန်ပန်းမဏ္ဍပ်၊ မန်ကျည်းရိပ်မဏ္ဍပ်နှင့် နေပြည်တော် တိုင်းမဏ္ဍပ်တို့တွင်လည်း ရေပက်ခံသူများ၊ရေပက်ကစားသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မိသားစု သင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကာ ရေကစားမဏ္ဍပ်များတွင် စတုဒိသာများဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီးဝင်း အတွင်းရှိ မြန်မာ့ရိုးရာအတာ သင်္ကြန် ရေကစားမဏ္ဍပ်၌ မိသားစုဝင်များ ပျော်ရွှင်စွာ ရေသဘင်ပွဲ ဆင်နွှဲနေကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်အဖွဲ့ အောင်မြေသာစံခရိုင်နှင့် အမရပူရခရိုင်အတွင်းရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၌ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေး



**မန္တလေး ဧပြီ ၁၅**

ယနေ့သည် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ဖြစ်ပြီး နိုင်ငံတစ်ဝန်း၌ မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် တာဝန်ရှိသူများလိုက်ပါ၍ အောင်မြေသာစံခရိုင်နှင့် အမရပူရခရိုင်အတွင်းရှိ မန္တလေးမြို့သူမြို့သားများ၊ ဝန်ကြီးဌာနများ၊ အတာသင်္ကြန်ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာ ညှေ့ခံရေးမဏ္ဍပ်များသို့ သွားရောက်၍ ကြည့်ရှုအားပေးကာ မြို့သူမြို့သားများနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် နံနက်ပိုင်းတွင် အောင်မြေသာစံခရိုင် ကျုံးတောင်ဘက်ခြမ်းရှိ ရွှေမန်းမြေ မဟာသင်္ကြန်ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ စက်သုံးဆီပိုင်ရှင်များ မဟာသင်္ကြန်ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မဟာသင်္ကြန် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ မွန်းလွဲပိုင်းတွင် အမရပူရခရိုင် အမရပူရမြို့နယ်ရှိ ပိတောက်ရွှေဝါ မဟာသင်္ကြန်ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ တောင်သမန်သစ္စာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ နန်းမြို့သူမဟာသင်္ကြန်ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်များသို့ သွားရောက်ပြီး မြို့သူမြို့သားများ အေးချမ်းပျော်ရွှင်စွာဖြင့် ရေသဘင်ပွဲတော် ဆင်နွှဲနေမှုများ၊ မန္တလေးမြို့ ဂုဏ်ဆောင်မြို့မငွေဝန်းယာဉ်နှင့်အတူ သီဆိုကပြဖျော်ဖြေမှုများ၊ နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြိုင်ဆိုင်စွာသီဆိုဖျော်ဖြေမှုများ၊ ဦးစီးဌာနများမှ ယိမ်းအကအဖွဲ့များ၏ သင်္ကြန်တေးသီချင်း ယိမ်းအကများ၊ Dancer အဖွဲ့များမှ မြူးမြူးကြွကြွသံစဉ်များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ အတာရေများ အပြန်အလှန်ပက်ဖျန်း နှုတ်ဆက်ပြီး မြို့သူမြို့သားများနှင့် အတူဆင်နွှဲခဲ့ကြသည်။

မြန်မာတို့၏ အစဉ်အလာမပျက် ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြို့ကြီးပြကြီးများတွင်သာမက ကျေးလက်တောရွာများပါမကျန် ဆင်းရဲချမ်းသာမရွေး အားလုံးအေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း၊ မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင်လည်း ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များတွင် စိတ်အေးချမ်းမြွေ ပျော်ရွှင်စွာဆင်နွှဲနေလျက်ရှိပြီး အမယ်စုံလင်လှသည့် စတုဒိသာမဏ္ဍပ်များမှလည်း ကျွေးမွေးညှေ့ခံခဲ့ကြောင်းနှင့် လာရောက်လည်ပတ်ကြသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) သံတမန်မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပ

**ရန်ကုန် ဧပြီ ၁၅**

၁၃၈၅ ခုနှစ် မြန်မာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ သံတမန် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သံတမန်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ခြံဝင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဇနီး၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးချုပ် ရုံးများမှ ကိုယ်စားလှယ်များနှင့် ပြည်ပစီးပွားရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၏ မိသားစုဝင်များ တက်ရောက်ကြသည်။






အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားနှင့် နှစ်သစ်ဆုမွန်ကောင်း စကားပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာ ရေသဘင်ပွဲတော် ပါဝင်ဆင်နွှဲကြသူများကို မြန်မာ့ရိုးရာ အစားအစာများဖြင့် တည်ခင်းညှေ့ခံသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဇနီး တက်ရောက်လာကြသည့် သံတမန်များနှင့် ညှေ့သည်တော်များသည် နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့မှ လုပ်ပျိုဖြူများက သင်္ကြန်ယိမ်းအကများဖြင့် သီဆိုကပြ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ စုပေါင်းရေကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဧပြီ ၁၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မအီမြို့၌ မဟာသင်္ကြန်အကြတ်နေ့ အတာရေသဘင်ပွဲ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲလျက်ရှိ

**မအီ ဧပြီ ၁၅**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့၌ မဟာသင်္ကြန်အကြတ်နေ့တွင် မအီမြို့ အ.ထ.က ရှေ့ မြို့မဗဟိုမဏ္ဍပ်နှင့် မအီနယ်မြေရဲစခန်းမိသားစုမှ ကြီးမှူးဖွင့်လှစ်သည့် "မေတ္တာရိပ်" ရေကစားမဏ္ဍပ်တို့၌ ကပြသီဆိုဖျော်ဖြေမှုများနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့မဗဟိုမဏ္ဍပ်နှင့် "မေတ္တာရိပ်" ရေကစားမဏ္ဍပ်သို့ မအီမြို့ ခေတ္တ မြို့အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မအီနယ်မြေ ရဲစခန်းမှူး ရဲအုပ်ချစ်ထွန်းနှင့် မအီမြို့ပေါ်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ လူငယ်မောင်မယ်များက အေးချမ်းပျော်ရွှင်စွာ အတာသင်္ကြန်ရေ ပက်ဖျန်း ရေကစားခဲ့ကြပြီး မနက်ဖြန် သင်္ကြန် အတက်နေ့တွင်လည်း ထိုသို့ ယိမ်းအကများဖြင့် ကပြဖျော်ဖြေခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်း၊ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါနပြုသူများ၊ ရပ်ကွက်/ကျေးရွာများအတွင်း စတုဒိသာ ညှေ့ခံကျွေးမွေးသူများဖြင့် စည်ကားများပြားလျက်ရှိပြီး မြို့မဗဟိုမဏ္ဍပ်၌ "မဟီရာနဒီ" တီးဝိုင်းဖြင့် ညှေ့ခံသီဆို ဖျော်ဖြေခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့မဗဟိုမဏ္ဍပ်ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။



**မောင်မောင်ဌေး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် အတာသင်္ကြန်ပွဲ ပျော်ရွှင်စွာဆင်နွှဲနေမှု တက်ရောက်အားပေး



**နေပြည်တော် ဧပြီ ၁၅**

ယနေ့ သင်္ကြန်အကြတ်နေ့တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန အတာသင်္ကြန်ရေကစားမဏ္ဍပ်သို့ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ လာရောက်၍ အေးချမ်းပျော်ရွှင်စွာဖြင့် ရေကစားလျက်ရှိသည်။

ထိုသို့ အတာသင်္ကြန်ပွဲ ပျော်ရွှင်စွာဆင်နွှဲနေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနမှ အကြီးအကဲများ နှင့် ဇနီးများ၊ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်း တွင် လာရောက်အားပေး ပါဝင်ဆင်နွှဲကြသည်။

အဆိုပါမဏ္ဍပ်တွင် ဝန်ကြီးဌာန ယိမ်းအဖွဲ့များ သည် သင်္ကြန်တေးသီချင်းများနှင့် ယိမ်းအကအလှ များဖြင့် ပျော်ရွှင်စွာ ဖျော်ဖြေတင်ဆက်ကြပြီး လာရောက်ကြသည့် ဧည့်ပရိသတ်များကို စတုဒိသာ မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သင်္ကြန်အကြတ်နေ့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမိသားစု လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း အားကစားမောင်မယ်များ၏ အတာသင်္ကြန်ပွဲတော်ကျင်းပ

**နေပြည်တော် ဧပြီ ၁၅**

နေပြည်တော်အားကစားလေ့ကျင့် ရေးစခန်း အားကစားမောင်မယ် များ အတာသင်္ကြန်ပွဲတော် အခမ်း အနားကို ယနေ့(သင်္ကြန်အကြတ် နေ့) နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် အားကစားလေ့ကျင့်ရေး စခန်းတို့ ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်နှင့် ဇနီး၊ တာဝန်ရှိသူများသည် အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဌာနခွဲအသီးသီးမှ စတုဒိသာ ကျွေးမွေးသည့် မြန်မာ့ရိုးရာအစား




အစာများကို စားသောက်ပြီး လမ်းလျှောက်သင်္ကြန် (အကြတ် နေ့)ကို ဝန်ထမ်းများ ပျော်ပျော် ရွှင်ရွှင် ဆင်နွှဲနေမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဌာနခွဲများမှ ဝန်ထမ်းများက မြန်မာ့ရိုးရာ သင်္ကြန်သီချင်းများ၊ သင်္ကြန်အက များနှင့် Fitness Dance များဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှု အားပေးပြီး ဒုတိယဝန်ကြီး နှင့် ညွှန်ကြားရေးမှူးချုပ်များက ဖျော်ဖြေရေးအဖွဲ့များအား ဆုငွေ များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည်နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း၊ အားကစား မောင်မယ်များ အတာသင်္ကြန် မဏ္ဍပ်၌ ကမ္ဘောဒီးယားနိုင်ငံမှ ခြင်းလုံးအားကစားမောင်မယ်များ၊ မြန်မာ့လက်ရွေးစင် အားကစား မောင်မယ်များနှင့် လူငယ် အားကစား လေ့ကျင့်ရေးစခန်းမှ အားကစား မောင်မယ်များ၏ ရခိုင်ရိုးရာသင်္ကြန် ရေပက်ကစား နေမှု၊ ဂျူဒိုအားကစားနည်း မှ ဂျပန်နည်းပြ YAMATO HIRANUMA က မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေမှု၊ ကမ္ဘောဒီးယား နိုင်ငံမှ ခြင်းလုံးအားကစား မောင်မယ်များက ကမ္ဘောဒီးယား သီချင်းဖြင့် သီဆိုဖျော်ဖြေမှု၊ အားကစားအဖွဲ့များမှ အားကစား မောင်မယ်များ၏ သင်္ကြန်သီချင်း၊ သင်္ကြန်အကများဖြင့် ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှု အားပေးကြပြီး ဒုတိယဝန်ကြီး နှင့် ညွှန်ကြားရေးမှူးချုပ်တို့ က ဖျော်ဖြေရေးအဖွဲ့များအတွက် ဆုကြေးငွေများ ပေးအပ်ချီးမြှင့် ကြကာ မြန်မာ့ရိုးရာအတာသင်္ကြန် (အကြတ်နေ့)ကို ပျော်ရွှင်စွာ ပါဝင် ဆင်နွှဲကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ “တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်”သို့ တတိယအကြိမ်အဖြစ် သင်တန်းသား ၄၀ စေလွှတ်

**နေပြည်တော် ဧပြီ ၁၅**

အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ် ပြည်နယ် ဘိုပါးမြို့ရှိ အမျိုးသား တရားစီရင်ရေးအကယ်ဒမီ (National Judicial Academy–NJA) တွင် ဧပြီ ၁၇ ရက် မှ ၂၀ ရက် အထိ တတိယအကြိမ်မြောက် အဖြစ် ဖွင့်လှစ်မည့် “တရားသူကြီး များနှင့် တရားရေးအရာရှိများ အတွက် စွမ်းဆောင်ရည်မြှင့်တင် မှုသင်တန်းအစီအစဉ်”သို့ တက် ရောက်ရန် ပြည်ထောင်စုတရား လွှတ်တော်ချုပ်မှ လက်ထောက် အတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊




လက်ထောက် ညွှန်ကြားရေးမှူး များ၊ ဦးစီးအရာရှိများနှင့် တရားရုံး အဆင့်ဆင့်ရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ တရားရေးအရာရှိများ ပါဝင်သည့် သင်တန်းသား ၄၀ သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ သွားသည်။

သင်တန်းသားများသည် အဆို ပါ သင်တန်း၌ အိန္ဒိယနိုင်ငံ ဖွဲ့စည်း ပုံအခြေခံဥပဒေ၊ အိန္ဒိယနိုင်ငံ တရားစီရင်ရေးစနစ်၊ တရား သူကြီးကျင့်ဝတ်၊ စီရင်ချက် ရေးသားခြင်း၊ တရားရုံးစီမံခန့်ခွဲ မှု၊ သက်သေခံဥပဒေ၊ တရားရုံး နည်းပညာ၊ တရားမနှင့် ရာဇဝတ် ဥပဒေများ၊ ဥပဒေရေးရာ ဆေး ပညာ၊ တရားမကျင့်ထုံးဥပဒေနှင့် တရားမမှုစစ်ဆေးခြင်း၊ အခြား နည်းလမ်းဖြင့် အငြင်းပွားမှု ဖြေရှင်းခြင်းတို့ကို လေ့လာသင်ယူ ခွင့်ရရှိကြမည့်အပြင် လေ့လာရေး ခရီးအဖြစ် အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ ယဉ်ကျေးမှုပြတိုက်၊ တိုင်းရင်းသား များပြတိုက်၊ လှေလှော်အသင်း နှင့် ယူနက်စကိုကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ပုထိုးတော် ကြီး တည်ရှိရာနေရာ ဘိုပါး၊ ဆန်းချီမြို့သို့ လည်းကောင်း သွားရောက် လေ့လာခွင့်ရရှိမည် ဖြစ်သည်။

အဆိုပါ သင်တန်းအစီအစဉ် သည် ပြည်ထောင်စုတရားသူကြီး ချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသား တရားစီရင်ရေး အကယ်ဒမီတို့ အကြား ၂၀၁၈ ခုနှစ်တွင် လက်မှတ် ရေးထိုးထားသည့် မြန်မာနိုင်ငံမှ တရားသူကြီးများ နှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင် ရည် မြှင့်တင်ခြင်းဆိုင်ရာနားလည် မှု စာချွန်လွှာအရ စေလွှတ်ခြင်း ဖြစ်ပြီး၊ ယခု တတိယအကြိမ် မြောက် သင်တန်း အပါအဝင် စုစုပေါင်း သင်တန်းသား ၁၂၀ စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# မြောင်းမြမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အကြတ်နေ့ ယိမ်းအကများ၊ ရေကစားသူများ၊ စတုဒိသာကျွေးသူများဖြင့် စည်ကားလျက်ရှိ

**မြောင်းမြ ဧပြီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြတ်နေ့တွင် ဖျော်ဖြေရေးများ၊ စတုဒိသာကျွေးသူများ၊ ရေပက်ခံ ထွက် ရေကစားသူများဖြင့် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ စည်ကား လျက်ရှိကြောင်း သိရသည်။

မြောင်းမြမြို့ မဟာသင်္ကြန်အကြတ်နေ့၌ ဗဟိုမဏ္ဍပ်နှင့် မြို့နယ် ရေကစားမဏ္ဍပ်တို့တွင် ယိမ်းအဖွဲ့များ၊ တေးသံရှင်များ သီဆိုကပြ ဖျော်ဖြေခြင်း၊ ယိမ်းအဖွဲ့များ ယှဉ်ပြိုင်ခြင်း၊ စတုဒိသာမဏ္ဍပ်များတွင် ရွှေရင်အေး၊ မုန့်လက်ဆောင်၊ ကျောက်ကျော၊ ကောက်ညှင်းရွှေကြည်၊ အအေးများ ကျွေးမွေးလှူဒါန်းခြင်း၊ ပြည်သူများပျော်ရွှင်စွာ ရေပက်ခံ ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)









ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့်ဇနီး၊ သံတမန်များနှင့် ဧည့်သည်တော်များ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် ယိမ်းအဖွဲ့ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# ရန်ကုန်လမ်းလျှောက်သင်္ကြန်သို့ နိုင်ငံခြားသံတမန်များနှင့် မိသားစုဝင်များ လာရောက်ဆင်နွှဲကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးက မြနန္ဒာသီချင်းဖြင့် မြန်မာ့အတာရေသဘင်ပွဲတော်ကို ဂုဏ်ပြု

ရန်ကုန် ဧပြီ ၁၅

**ယနေ့မဟာသင်္ကြန် အကြတ်နေ့၌ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် မိသားစုဝင်များ၊ ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လာရောက်ဆင်နွှဲကြရာ ထိုင်းသံအမတ်ကြီး H.E Mr. Mongkol Visitstump က မြနန္ဒာသီချင်းသီဆိုပြီး မြန်မာနှစ်သစ်ကူး အတာရေသဘင်ပွဲတော်ကို ဂုဏ်ပြုဆင်နွှဲခဲ့သည်။**

### စည်ကားသိုက်မြိုက်

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အကျနေ့၌ နိုင်ငံတစ်ဝန်းရှိ ရေကစားမဏ္ဍပ်များ၊ အပန်းဖြေကမ်းခြေများ၊ နေပြည်တော်နှင့် တောင်ပေါ်ဒေသ အင်းလေး၊ ပြင်ဦးလွင်တို့တွင် အရွယ်သုံးပါးမကျန် ရေကစားသူတို့ဖြင့် အထူးစည်ကားခဲ့ပြီး ယနေ့မဟာသင်္ကြန်အကြတ်နေ့တွင် ယမန်နေ့ကထက် ပြည်သူများ ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲလျက်ရှိရာ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် နံနက်ပိုင်း၌ ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကနှင့် ကမ္ဘောဇယိမ်းဖြင့် ဖျော်ဖြေရေးကို စတင်ဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ယိမ်းအဖွဲ့များက အကအလှများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

### သင်္ကြန်တေးဖျော်ဖြေ

ဆက်လက်၍ တေးဂီတအစီအစဉ်တွင် စိုးမောင်မောင်၊ ခင်လပြည့်ဝန်း၊ ပူစူး၊ စိုးညီညီ၊ ဝိုင်းလမင်းအောင်၊ ထက်ထက်စိုးစံ၊ မင်းသုခ၊ ဖြူဖြူခိုင်၊ ဈာန်း၊ ဉာဏ်လင်းထက်နှင့် ရွှေထိုက်တို့က မြူးကြွသော သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် မိသားစုဝင်များ၊ ကောင်စစ်ဝန်ရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားစီးပွားရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်တို့သည် အကယ်ဒမီ နေအောင်၊ သရုပ်ဆောင် ခင်သန်းနွယ်၊ ရွှေပြုံးတော်ဒိုးအက ရုပ်သေးနှင့် လူစင်တော်အကာ၊မင်္ဂလာရှိသော သင်္ကြန်ယိမ်း၊ ရာမယဏ၊ ရုပ်ရှင်/သဘင်/ဂီတအဖွဲ့နှင့် နိုင်ငံခြားတေးသီချင်းများဖြင့် တင်ဆက်ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr. Mongkol Visitstump က နိုင်ငံခြားရေးဝန်ကြီးဌာန ယိမ်းအဖွဲ့နှင့်တွဲဖက်၍ မြနန္ဒာသင်္ကြန်သီချင်းဖြင့် သီဆိုဖျော်ဖြေရာ နိုင်ငံခြားသံတမန်များနှင့် ဧည့်သည်တော်များ၊ အတာရေသဘင်ဆင်နွှဲကြသည့် ပြည်သူများ အထူးအားပေးခဲ့ကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သံတမန်များနှင့် မိသားစုဝင်တို့သည် မဟာဗန္ဓုလပန်းခြံလမ်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို အများပြည်သူများနှင့်အတူ ဆင်နွှဲကြရာ **(အပေါ်ပုံ)** လမ်းလျှောက်သင်္ကြန်ပွဲတော်တစ်လျှောက် ကြက်ပျံမကျ စည်ကားခဲ့သည်။



ထို့နောက် မြို့တော်ခန်းမ ပထမထပ်ခန်းမကြီးတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသော နေ့လယ်စာအား နိုင်ငံခြားသံတမန်များနှင့် မိသားစုဝင်များက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ နွေးထွေးပျော်ရွှင်စွာ အတူတကွစားသုံးကြသည်။

### ညပိုင်းဖျော်ဖြေ

ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၏ ညနေပိုင်းအစီအစဉ်တွင် ယိမ်းအဖွဲ့များ ယှဉ်ပြိုင်မှုနှင့်အတူ ဂီတအစည်းအရုံးမှ တေးသံရှင်တို့က ဖျော်ဖြေကြပြီး ညပိုင်း၌ သဘင်အစည်းအရုံးမှ ဆိုင်းပန်တျာစိန်လှမြိုင်၊ သဘင်အဖွဲ့သီချင်းနှင့် ယိမ်းအက၊ သဘင်တေးသံသာ၊ ရွှေတံဆိပ်ဆုရှင် စိန်အေးမြင့်၏ ရုပ်သေးနှင့် ရွှေသင်္ကြန်အငြိမ့်၏ လူရွှင်တော်ချစ်ချောအဖွဲ့မှ ဖျော်ဖြေတင်ဆက်ကြသည်။

အများပြည်သူများ ရေသဘင်ပွဲတော်ကို ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လွတ်လပ်ပေါ့ပါးစွာ ဆင်နွှဲလျက်ရှိရာ ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် Royal Apex ဖျော်ဖြေရေးမဏ္ဍပ်တို့၌ ရေပက်ခံသူ၊ ရေကစားသူ၊ ရေပက်ခံကားများဖြင့် စည်ကားခဲ့ပြီး နွေဦးကဗျာ၊ နှစ်သစ်ချစ်ဦး၊ ပိတောက်လက်ဆောင်၊ ပိတောက်ရိပ်၊ သင်္ကြန်မိုး၊ နွေအလှ၊ တူးပို့ တူးပို့၊ ပိတောက်မျက်နှာ၊ နှစ်သစ်မင်္ဂလာနှင့် ပန်းမျိုးတစ်ရာမဏ္ဍပ်စသည့်ရေကစားမဏ္ဍပ်တို့၌လည်း ရေပက်ခံသူနှင့် ရေပက်ခံကားတို့ဖြင့် စည်ကားခဲ့၍ ထန်းလက်မိုးစားသောက်ဆိုင်တန်း တစ်လျှောက်အပန်းဖြေစားသောက်သူတို့ဖြင့် ပြည့်လျှံခဲ့ကာ စတုဒိသာမဏ္ဍပ်များတွင်လည်း သင်္ကြန်ပွဲတော်ဆင်နွှဲသူတို့ဖြင့် သင်္ကြန်အကြတ်နေ့သည် စည်ကားများပြားခဲ့သည်။

### သင်္ကြန်အကြတ်စည်ကား

အထူးသဖြင့် ပြည်သူ့ရင်ပြင် ရေမှုန်ရေမွှား လမ်းလျှောက်သင်္ကြန်တွင် လူကြီး၊ လူငယ်၊ ကလေးငယ်များ ရောင်စုံထီးအရိပ်အောက်၌ တန်ခူးနွေအပူကို ဖြေလျှော့စေသည့် သင်္ကြန်ရေကို ထွေးပွေ့ခံစားသူများ၊ အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ မိသားစုလိုက်၊ အုပ်စုလိုက် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် အပန်းဖြေခြင်းတို့ဖြင့် သင်္ကြန်အကြတ်နေ့သည် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ – ရဲထွဋ်၊ ဇော်မင်းလတ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အကြတ်နေ့ကို ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲလျက်ရှိသည်။



မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အတာသင်္ကြန်ရေကစားမဏ္ဍပ်၌ ဖျော်ဖြေမှုနှင့် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။

မဟာသင်္ကြန် အကြတ်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကစားမဏ္ဍပ် အသီးသီးတို့၌ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ် တေးဂီတအဖွဲ့များ၊ အတာရေ သဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ပါဝင်ဆင်နွှဲကြသည်။

ထို့အပြင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးမြို့ရှိရေကစားမဏ္ဍပ်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အတာရေသဘင်ပွဲဆင်နွှဲကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်၍ အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန်နှင့် ရေပန်းဥယျာဉ်၊ လေ့ခွင်းတောင်အပန်းဖြေစခန်း၊ ရန်ကုန်လမ်းလျှောက်သင်္ကြန်၊ မန္တလေးလမ်းလျှောက်သင်္ကြန်နှင့် ဦးပိန်တံတား၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေတို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ငပလီကမ်းခြေ၊ စစ်တွေပွိုင့် အပြန်းဖြေစခန်းနှင့် ပွိုင့်ကမ်းခြေ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ အင်းလေးရေပေါ်သင်္ကြန်၊ ဟဲဟိုးမြို့ရှိ အင်းခေါင်းဆည်၊ ဟိုက်ပါရေတံခွန်၊ ကွန်ဟိန်းရေပေါ်သင်္ကြန်နှင့် ခိုလမ်ရေပြာစမ်း အပါအဝင် အပန်းဖြေနေရာများ၌လည်းကောင်း လာရောက်အပန်းဖြေ အနားယူနေသောပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စားသောက်ဆိုင်များ၊ ဒေသထွက်ကုန် ရောင်းချနေသောဈေးဆိုင်များ ဖွင့်လှစ်ထားရှိကာ စည်ကားသိုက်မြိုက်လျက်ရှိသည်။

၎င်းအပြင် ရေသဘင်ပွဲဆင်နွှဲကြသူများကို စတုဒိသာအကျွေးအမွေး၊ နိဗ္ဗာန်ဈေးပွဲတော်များဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ပျော်ရွှင်စွာ ရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော်ကို ဆင်နွှဲကြသည်။

ထို့အပြင် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည် နှင့်အညီ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သင်္ကြန်အကြတ်နေ့တွင် အင်းလေးရေပေါ်သင်္ကြန်၌ ပျော်ရွှင်စွာရေကစားနေကြသူများကို တွေ့ရစဉ်။



ဟဲဟိုးမြို့ရှိ အင်းခေါင်းဆည်တွင် ဒေသခံပြည်သူများ လာရောက်အပန်းဖြေ ရေကစားနေကြစဉ်။

# မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူး မဟာသင်္ကြန်ကာလ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE. FALLS) လမ်းလျှောက်သင်္ကြန်တွင် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိ

**နေပြည်တော် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူး မဟာသင်္ကြန်ကာလတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE. FALLS) ၌ ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် လမ်းလျှောက်သင်္ကြန်နှင့် ဖျော်ဖြေရေးတေးဂီတများဖြင့် ပျော်ရွှင်စွာရေကစား၍ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရှိရသည်။

ယခုအခါ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE. FALLS) အနေဖြင့် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော်ကာလတွင် ပြည်တွင်း၊ ပြည်ပမှ လာရောက်အပန်းဖြေ အနားယူသူများ စိတ်နှလုံးချမ်းမြေ့စွာဖြင့် အပန်းဖြေနိုင်စေရေးအတွက် ပန်းအလှများနှင့် ရေပန်းများတပ်ဆင်ထားသည့် လမ်းလျှောက်သင်္ကြန်အား ဆောင်ရွက်ထားရှိပြီး ဧည့်ခံဖျော်ဖြေရေးတီးဝိုင်း၊ ရေပေါ်လမ်းလျှောက်နိုင်သည့် ရေပေါ်တံတား Floating Jigsaw၊ သဘာဝပတ်ဝန်းကျင်အား အထက်မြင့်ကွင်းမှ ကြည့်ရှုလေ့လာနိုင်သည့် Sky Cable Car၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ LED 5D မှန်တံတား၊ ဆင်ငယ်လေးများ၏ ကပြဖျော်ဖြေမှု၊ ကလေးငယ်များ ဆော့ကစားရန် Jumping Cloud၊ Play Ground Area များအပြင် တောတွင်း သဘာဝတောတွင်း လျှောက်လမ်းတို့ဖြင့် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူနိုင်ရေးအတွက် စီစဉ်ထားရှိသည်။

ထိုသို့ စီစဉ်ထားရှိရာ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE. FALLS) သို့ မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာအတာ သင်္ကြန်ပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အကြတ်နေ့ ပျော်ရွှင်စည်ကား မြင်ကွင်းပုံရိပ်များ

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အကြတ်နေ့(ဧပြီ ၁၅ ရက်)တွင် မြို့နယ်အသီးသီး၌ ပြည်သူများက ရေကစားမဏ္ဍပ်များဆောက်လုပ်၍ ပျော်ရွှင်စွာ ရေကစားနေကြပုံများနှင့် စတုဒိသာမဏ္ဍပ်များဖွင့်၍ စတုဒိသာ ကျွေးမွေးလှူဒါန်းနေကြပုံများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ဗဟိုမဏ္ဍပ်ရှေ့၌ ရေကစားနေသော ပြည်သူများ။ အောင်ဝင်းငြိမ်း(ကန့်ဘလူ)



ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ကပြမှုကို တွေ့ရစဉ်။ သူရအောင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဥမ္မာဒန္တီကမ်းခြေ၌ ရေကစားနေသော ပြည်သူများ။ မြို့နယ်(ပြန်/ဆက်)



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဗဟိုမဏ္ဍပ်၌ ဖျော်ဖြေတင်ဆက်သူများ၊ ရေကစားကြသူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိစဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)



ရခိုင်ပြည်နယ် ပေါက်တောမြို့ ရေကစားမဏ္ဍပ်တစ်ခု၌ ရေကစားနေသော ပြည်သူများ။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဇလွန်မြို့ ဗိုလ်ချုပ်လမ်းရှိ ဗဟိုမဏ္ဍပ်၌ ရေကစားနေသော ပြည်သူများ။ ဝေယံ (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ ဗဟိုမဏ္ဍပ်၌ ပြည်သူများ ရေကစားနေစဉ်။ ထွန်းထွန်း



မွန်ပြည်နယ် ကျိုက်လတ်မြို့နယ် ဗဟိုမဏ္ဍပ်ရှေ့၌ ရေကစားနေကြသူများ။ ရီရီမြင့်



နေပြည်တော် ဥတ္တရသီရိမြို့နယ်မှ စတုဒိသာ အလှူမဏ္ဍပ်တစ်ခု။ အောင်မျိုးဝင်း(ပြန်/ဆက်)

# နေပြည်တော်၌ မဟာသင်္ကြန်အကြတ်နေ့တွင် ပြည်သူများ စည်ကားများပြားစွာ အတာရေသဘင်ပွဲတော်နွှဲပျော်

နေပြည်တော် ဧပြီ ၁၅

**၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူးအခါသမယတွင် မြန်မာ့ရိုးရာ ဓလေ့ထုံးစံများနှင့်အညီ အတာရေသဘင်သင်္ကြန်ပွဲတော်ကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ အပန်းဖြေနိုင်ရန် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**



ယနေ့တွင် နေပြည်တော်တစ်ခွင်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြတ်နေ့ ဖြစ်သည်နှင့်အညီ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ အေးချမ်း ပျော်ရွှင်စွာ ရေကစားကြသူများနှင့် အပန်းဖြေစခန်းများ၌ လာရောက်အပန်း ဖြေကြသူများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ များအတွင်း မဏ္ဍပ်ငယ်များ ဆောက်လုပ်၍ မိသားစုအလိုက် ရေပက်ကစား ကြသူများဖြင့် အထူးစည်ကားလျက် ရှိသည်။

နံနက်ပိုင်းမှ စတင်၍ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ ရန်အောင်မြင်ရွှေလက်လှဘုရား၊ သတ္တ သတ္တာဟ သံဝေဇနိယ လေးဌာနစေတီ၊ လှေ့ခွင်းတောင်ဘုရား၊ အခြားတန်ခိုး ကြီး ဘုရားများနှင့် ဘုန်းတော်ကြီး ကျောင်းများတွင် တရားဘာဝနာ ပွားများ အားထုတ်ကြသူများ၊ ပုသ်သီလ ဆောက်တည်ကြသူများ၊ တရားစခန်းများ တွင် တရားဘာဝနာ ရှုမှတ်ပွားများကြ သူများ၊ ရေသပ္ပာယ်ကြသူများ၊ ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် ရွှေသင်္ကန်း လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့အတူ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး (ကြည်း) မဟာသင်္ကြန်ရေကစား မဏ္ဍပ်တို့တွင် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ဝန်ကြီးဌာနများ၊ ခရိုင်/ မြို့နယ်များမှ သင်္ကြန်ယိမ်းအက အဖွဲ့များကလည်း ညီညာလှပသည့် ယိမ်း အကအလှများဖြင့် ပါဝင်ဖြည့်စွက် ကပြ ဖျော်ဖြေကြရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက် ရှိသည်ကိုလည်း တွေ့မြင်ရသည်။

ပျဉ်းမနားမြို့မှ နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်သို့ လာရောက် လည်ပတ်သူ မောင်အာကာဖြိုးက “သူငယ်ချင်းတွေနဲ့ အတူလာတာပါ။ နိုင်ငံ ကျော် အနုပညာရှင်နဲ့ တေးသံရှင်တွေ မြိုင်ဆိုင်စွာ သီဆိုဖျော်ဖြေပေးပြီး သင်္ကြန် ယိမ်းအဖွဲ့တွေကလည်း ညီညာလှပစွာ ကပြဖျော်ဖြေမှုတွေကို ပါဝင်ဆင်နွှဲရတာ ပျော်ဖို့ကောင်းပါတယ်။ စတုဒိသာ မဏ္ဍပ်ကလည်း အယုတ်အလတ်အမြတ်မရွေး မြန်မာ့ရိုးရာအစားအစာတွေနဲ့ ကျွေးမွေး ဧည့်ခံပါတယ်။ ဒီနှစ်မှာ မြို့တော်ဝန်မဏ္ဍပ် အနီးမှာ နေပြည်တော်လမ်းလျှောက် သင်္ကြန်ကို ထည့်သွင်းကျင်းပပေးတော့ လည်ပတ်စရာတစ်ခု တိုးလာပါတယ်။ ညနေပိုင်းမှာ နေပြည်တော်လမ်းလျှောက် သင်္ကြန်ကို သွားမှာပါ” ဟု ပြောသည်။




အလားတူ နေပြည်တော်ရေပန်း ဥယျာဉ်အတွင်းရှိ လမ်းလျှောက်သင်္ကြန်ပွဲ တော်တွင်လည်း သင်္ကြန်ချစ်သူများ၊ လာရောက်ရေပက်ခံသူများ၊ ရေကစား ကြသူများဖြင့် စည်ကားခဲ့ပြီး နေပြည် တော်ကောင်စီနယ်မြေအတွင်း အထင် ကရနေရာများဖြစ်သော ဇေယျာသီရိ မြို့နယ် ကျည်တောင်ကျေးရွာအုပ်စု အတွင်းရှိ လှေ့ခွင်းတောင်ကမ်းခြေ အပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်၊ ပျဉ်းမနားမြို့နယ်ရှိ အဝေရာကမ်းခြေ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် မင်္ဂလာကန်တော်တို့ တွင် လာရောက်အပန်းဖြေ အနားယူကြ သူများဖြင့် စည်ကားများပြားလျက် ရှိသည်။

“ရန်ကုန်ကနေ နေပြည်တော်မှာရှိတဲ့ အစ်ကိုဆီကို လာလည်ရင်း ဒီနေ့မှာ မိသားစုနဲ့အတူ လှေ့ခွင်းတောင်ကို အပန်း လာဖြေတာပါ။ လှေ့ခွင်းတောင်ကိုလာတဲ့ လမ်းတစ်လျှောက်မှာလည်း မိသားစု မဏ္ဍပ်လေးတွေမှာ ရေပက်ကြတဲ့ လူကြီး၊ ကလေးတွေကို တွေ့ရတဲ့အပြင် စတုဒိသာ မဏ္ဍပ်တွေမှာ ရေပက်ခံထွက်ကြတဲ့ ဆိုင်ကယ်၊ ရေပက်ခံကားတွေကို မြန်မာ့ ရိုးရာ အစားအစာတွေ ဝေငှပေးနေတဲ့ မြင်ကွင်းနဲ့ ကျွေးမွေးလှူဒါန်းနေကြတဲ့ မြင်ကွင်းကို မြင်တွေ့ရတာ ဝမ်းသာ ကြည်နူးမိပါတယ်။ မြန်မာပြည်သူ အပေါင်း ဒီနှစ်သစ်ကူးအချိန်ကစပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာနဲ့ နှစ်သစ်ကို ဖြတ်သန်းနိုင်ကြပါစေလို့ ဆုတောင်းပေး ပါတယ်” ဟု လှေ့ခွင်းတောင်ကမ်းခြေ အပန်းဖြေစခန်းသို့ လာရောက်လည်ပတ် သူ ဦးဝဏ္ဏထွန်းခေါင်က ပြောသည်။

မဟာသင်္ကြန်ကာလအတွင်း ပြည်သူ များ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ် ကင်းရှင်းစွာ ရေကစားနိုင်ကြစေရန်နှင့် အပန်းဖြေကမ်းခြေစခန်းများ၌ ပြည်သူ များ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်စေရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်း လုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အပန်းဖြေ အနားယူနေကြစဉ်အတွင်း အန္တရာယ်မရှိစေရေးအတွက် သတိပေး နှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက် လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာ သင်္ကြန်ပွဲတော်သည် မြန်မာသက္ကရာဇ် နှစ်တစ်နှစ် ကုန်ဆုံးပြီး နှစ်သစ်၏ အေးချမ်းမှုကို ရရှိစေရန်၊ နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက် စေပြီး နှစ်သစ်သို့မပါလာစေရန် ရည်ရွယ် ၍ ရေစင်သွန်းလောင်းကြခြင်းဖြစ်သည် နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေး များကို သင်္ကြန်အတာရေဖြင့် တစ်ဦးကို တစ်ဦး ကြည်နူးသိမ့်မွေ့စွာ ပက်ဖျန်း ဆေးကြောပျော်ရွှင်စွာ ရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော် တစ်ခုလည်း ဖြစ်သည်။

**လုလင်ငယ်၊ ဓာတ်ပုံ–ကိုကြီးကျော်**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ် လမ်းမတော်မဏ္ဍပ်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် ရေကစားသူများဖြင့် အထူးပင်စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ကျော်ဆန်းမြင့်(ပြန်/ဆက်)





နေပြည်တော် ဇေယျာသီရိမြို့နယ် နေပြည်တော်သတင်းစာတိုက်မိသားစုရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အကြတ်နေ့တွင် ပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။ ဇော်ဘီ

# သင်္ကြန်အကြတ်နေ့တွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကား



**နေပြည်တော် ဧပြီ ၁၅**

၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ ချစ်ကြည်ရင်နှီးစွာဖြင့် ပျော်ရွှင်မှုရရှိစေရန်နှင့် သင်္ကြန်ကာလကို ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန် ရည်ရွယ်၍ ယခုနှစ်တွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာလမ်းဆုံအထိ ဇုန်လေးဇုန် သတ်မှတ်ပြီး ကျင်းပလျက်ရှိရာ လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

" ဒီနေ့က အရင်နေ့တွေထက် ဇုန်လေးဇုန်မှာ လူတွေပြည့်နေတာကို တွေ့ရပါတယ်။ လာရောက်လည်ပတ်ကြတဲ့သူတွေက လမ်းလျှောက်သင်္ကြန်မှာ ပါဝင်တဲ့ အစီအစဉ်အားလုံးကို သိရှိပြီး ဒီနေ့တစ်နေ့လုံး ပါဝင်ဆင်နွှဲကြတဲ့သူတွေလည်း ရှိပါတယ်။ သင်္ကြန်အတက်နေ့မှာ ထူးခြားတဲ့အစီအစဉ်အဖြစ် လမ်းလျှောက်သင်္ကြန်အတွင်းမှာရှိတဲ့ ဇုန်လေးဇုန်မှာ နိုင်ငံကျော် အနုပညာရှင်များနဲ့ တေးသံရှင်များက သီဆိုဖျော်ဖြေပေးမှာဖြစ်ပါတယ်။ သင်္ကြန်အတက်နေ့ကို လမ်းလျှောက်သင်္ကြန်မှာ လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု Brilliant Aura Co., Ltd မှ Business Development Director ဒေါ်ဆုမြတ်လွင်က ပြောသည်။

လမ်းလျှောက်သင်္ကြန်ရှိ သနပ်ခါးသင်္ကြန်ဇုန်တွင် မြန်မာ့ရိုးရာ သနပ်ခါးကို တိုင်းရင်းသားလူမျိုးပေါင်းစုံ နှစ်မြို့က်စွာလိမ်းခြယ်၍ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ နောက်ပြောင်နေကြသည့် ချစ်စရာဓလေ့ တစ်ခုကိုလည်း တွေ့ရသည်။

အလားတူ တိုင်းရင်းသားသင်္ကြန်ဇုန်တွင်လည်း ဖျော်ဖြေရေးအစီအစဉ်များ၌ ပြည်သူများ ပါဝင်ဆင်နွှဲနိုင်သည့်အပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့်အတူ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ လမ်းလျှောက်သင်္ကြန်အတွင်းရှိ မဏ္ဍပ်များတွင် နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများကို သီဆိုဖျော်ဖြေကြသည့်အပြင် ဝန်ကြီးဌာနများမှ သင်္ကြန်ယိမ်းအဖွဲ့များကလည်း သင်္ကြန်တေးသီချင်းများဖြင့် ညီညီညာညာ ယိမ်းနွှဲ ကပြဖျော်ဖြေပေးကြပြီး မဏ္ဍပ်များက ပက်ဖျန်းလိုက်သည့် အတာရေအကြားတွင် ပြည်သူများက သီချင်းသံစဉ် စည်းချက်များနှင့်အညီ လိုက်ပါယိမ်းနွှဲ၍ ကခုန်ပျော်ရွှင်စွာ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းကိုလည်း တွေ့ရသည်။

ထို့ပြင် လူငယ်များနှင့် ကလေးများအတွက် အဓိကထားသည့် ဇုန်တွင် Colour Party, Foam Party ဂိမ်းအစီအစဉ်များ ၊ လူကြီးများ၊ ကလေးများ ပါဝင်ဆော့ကစားနိုင်သည့် ရေလွှာလျှောစီးနှင့် ကလေးငယ်များအတွက် ပျော်အိကစားကွင်းများတွင်လည်း ပြည်သူများပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်သင်္ကြန်အတွင်းသို့ လာရောက်လည်ပတ်ကြသူများ အစားအသောက် အခက်အခဲမရှိစေရန် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဆိုင်ခန်းများအပြင် စတုဒိသာမဏ္ဍပ်များက ကျွေးမွေးသည့် စုံလင်လှသော မြန်မာ့ရိုးရာ အစားအစာများကိုလည်း အားပါးတရနှစ်မြို့က်စွာ သုံးဆောင်နေကြသည့် မြင်ကွင်းကလည်း မြန်မာတို့၏ ချစ်စရာဓလေ့ကို စိတ်ကြည်နူးစွာ မြင်တွေ့ရသည်မှာလည်း စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများ ရေကစားနေစဉ် ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ်ကုသစောင့်ရှောက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဆေးခန်းများကိုလည်း ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

လမ်းလျှောက်သင်္ကြန်တွင် ထူးခြားဆန်းသစ်သည့် အစီအစဉ်တစ်ခုအဖြစ် ခေတ်လေးခေတ် သင်္ကြန်ပွဲဆင်နွှဲခဲ့မှုများကို အလှပြယာဉ်များဖြင့် သရုပ်ဖော်ပြသမှုသည် မြန်မာ့ရိုးရာအတာသင်္ကြန်၏ သမိုင်းကြောင်းကို လေ့လာမြင်တွေ့ခွင့်ရရှိခဲ့သလို အသိအမြင်ဗဟုသုတများစွာလည်း တိုးပွားစေသည့် မြင်ကွင်းကိုလည်း တွေ့ရသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ကြစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်သို့ လာရောက်ပါဝင်ဆင်နွှဲကြသည့် ပြည်သူ ၂၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

**လုလင်ငယ်၊ ဓာတ်ပုံ-ကိုကြီးထိန်း**







◆ *ကျောဖုံးမှ*

ကျုံးပတ်လည်ရှိ သင်္ကြန်မဏ္ဍပ်များ၌ လာရောက်ရေကစားကြပြီး တေးသံရှင်များနှင့် အနုပညာရှင်များက အတာသင်္ကြန် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ ဝန်ကြီးဌာနများနှင့် ဝါသနာရှင် ယိမ်းအကအဖွဲ့များက ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

အလားတူ မန္တလေးကျုံးမြောက်ဘက်နှင့် အနောက်ဘက်ခြမ်းတို့တွင်လည်း သင်္ကြန်ချစ်သူ မိသားစုများ၊ သူငယ်ချင်း၊ မိတ်ဆွေများစုပေါင်း၍ ရေစုပ်စက်များဖြင့် သင်္ကြန်ရေပက်ခံကားများ၊ ဆိုင်ကယ်များကို တပျော်တပါး အတာရေပက်ဖျန်းခြင်း၊ မြို့နယ်၊ ရပ်ကွက်များအလိုက် လူငယ်များ၊ ကလေးငယ်များ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားခြင်းနှင့် တစ်နိုင်တစ်ပိုင် စုပေါင်း၍ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည့် မြင်ကွင်းသည်လည်း မြန်မာ့ရိုးရာ အတာသင်္ကြန်၏ အလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

နေပြည်တော်မှ မန္တလေးမြို့သင်္ကြန်ပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲသည့် ဦးအောင် က "ဒီနှစ် မန္တလေးမြို့ရဲ့ သင်္ကြန်အစီအစဉ်တွေကတော့ တော်တော်ထူးခြားဆန်းသစ်ပါတယ်။ လာလည်ရကျိုးနပ်ပါတယ်။ ကျုံးပတ်လည်တစ်လျှောက်မှာရှိတဲ့ ရေကစားမဏ္ဍပ်တွေမှာလည်း ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာနဲ့ လာရောက်ဆင်နွှဲသူတွေကို မြင်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ နောက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းဟန်ပန်တွေနဲ့ ယှဉ်တွဲပြီး ပုံဖော်ထားတဲ့ လမ်းလျှောက် သင်္ကြန်တွေမှာလည်း အနယ်နယ်အရပ်ရပ်က သင်္ကြန်ချစ်သူတွေ စိတ်အားထက်သန်စွာနဲ့ လာရောက်လည်ပတ်ကြတာကို မြင်တွေ့ခဲ့ရပါတယ်။ ကျွန်တော်လည်း မိသားစုနဲ့အတူ လမ်းလျှောက်သင်္ကြန်မှာ ပါဝင်ဆင်နွှဲပြီး ညနေပိုင်းကျရင် အထင်ကရ ဦးပိန်တံတားကြီးနဲ့ တောင်သမန်အင်းရဲ့ အလှကို ခံစားကြည့်ရှုပြီး အပန်းဖြေမှာဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး မန္တလေးသင်္ကြန်မှာ ပျော်ပျော်ပါးပါးနဲ့ လာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်လိုပါတယ်" ဟု ပြောသည်။

ယခုနှစ်တွင် အထူးအစီအစဉ်အဖြစ် ထည့်သွင်းထားသည့် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး မြန်မာ့ရိုးရာလမ်းလျှောက် အတာသင်္ကြန်နှင့် ကျုံးတောင်ဘက်ခြမ်းရှိ (၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ) လမ်းလျှောက်သင်္ကြန်တို့၌လည်း သင်္ကြန်ဇုန်များ၊ နိုင်ငံကျော်အဆိုတော်များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် အပန်းဖြေအနားယူနိုင်မည့် အစီအစဉ်ကောင်းများကိုလည်း ထည့်သွင်း၍စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လာရောက်ပါဝင်ဆင်နွှဲသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။


ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော၊ အမရပူရမြို့နယ်ရှိ ဦးပိန်တံတားနှင့် တောင်သမန်အင်းတို့၌လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်လက်အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**မောင်အေးချမ်း၊ ဓာတ်ပုံ - Ai (Mdy)**



မန္တလေးကျုံးရှေ့၌ ရေပက်ကစားနေသူများ။



မန္တလေး ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများ။

# ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ မိန့်ခွန်းပြောကြားရာနေရာ၌ ဗုံးပေါက်ကွဲမှုဖြစ်၊ သံသယရှိသူကို ဖမ်းဆီးထား

တိုကျို ဧပြီ ၁၅

**ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် ဧပြီ ၁၅ ရက်တွင် မိန့်ခွန်းပြောကြားရန် ဂျပန်နိုင်ငံ အနောက်ပိုင်း ဝါကာယာမာမြို့ခရီးစဉ်အတွင်း မီးခိုးဗုံးဟုယူဆရသည့် အရာဝတ္ထုတစ်ခု ဝန်ကြီးချုပ်အနီးနားသို့ ပစ်ပေါက်ခံရပြီးနောက် ဘေးလွတ်ရာသို့ အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။**

ဝန်ကြီးချုပ် ကီရှီဒါ လာရောက်သော ဝါကာယာမာရှိ ဆိပ်ကမ်းတစ်ခုသို့ ပိုက်နှင့်တူသော ဗုံးတစ်လုံး ပစ်ပေါက်လိုက်သော သံသယရှိသူကို ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်ကို ကိုးကားပြီး နိုင်ငံပိုင်ရုပ်သံလိုင်း အင်န်အိတ်ချ်ကေ၏ ဖော်ပြချက်အရ သိရသည်။

ဖမ်းဆီးရမိသည့် သံသယရှိသူမှာ ဟိုဂိုစီရင်စု ကာဝါနီရှိမြို့တွင် နေထိုင်သော အသက် ၂၄ နှစ်အရွယ် ကိမူရာယူဂျီဆိုသူဖြစ်သည်။ အင်န်အိတ်ချ်ကေက ဖော်ပြသော ရုပ်သံတစ်ခုတွင် ပေါက်ကွဲသံကျယ်လောင်စွာကြားရသော ဧရိယာတွင် မီးခိုးများ ဖုံးလွှမ်းသွားသည့်အတွက် လူအုပ်ကြီးမှာ ထွက်ပြေးသွားကြကြောင်းနှင့် ရဲတပ်ဖွဲ့အရာရှိများက သံသယရှိသူကို မြေပြင်ပေါ် လှဲချဖမ်းဆီးထားသည်ကို တွေ့ရသည်။

ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ ကီရှီဒါသည် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာမှ ချက်ချင်းထွက်ခွာခဲ့သည်။ အဆိုပါ ဖြစ်ရပ်ကြောင့် ရဲအရာရှိတစ်ဦး မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်း၊ ကီရှီဒါသည် လက်ရှိတွင် ဝါကာယာမာစီရင်စုရှိ ပင်မရဲတပ်ဖွဲ့ဌာနချုပ်တွင် ရှိပြီး မိန့်ခွန်းပြောကြားမည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။

ယခုဗုံးပေါက်ကွဲမှုဖြစ်စဉ်သည် လာမည့်လအတွင်း ဂျပန်နိုင်ငံက ဟီရိုရှီးမားမြို့တွင် ဂျီ-၇ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးမတိုင်မီ နိုင်ငံမြောက်ပိုင်း စပိုရိုမြို့နှင့် နာဂါနိုရှိ ကာရူဇဝါမြို့တို့တွင် ဂျီ-၇ ဝန်ကြီးအဆင့် အစည်းအဝေးများ လက်ခံကျင်းပနေချိန် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**



ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သံသယရှိသူတရားခံအား မြေပြင်သို့ လှဲချဖမ်းဆီးစဉ်။




ဂျီ-၂၀ နိုင်ငံများမှ အကြီးအကဲများ သီရိလင်္ကာနိုင်ငံ၏ ကြွေးမြီအကျပ်အတည်းနှင့်ပတ်သက်ပြီး ဝါရှင်တန်၌ တွေ့ဆုံကြစဉ်။

# သီရိလင်္ကာနိုင်ငံ၏ ကြွေးမြီအကျပ်အတည်းကို ကူညီပေးနိုင်ရန် ဂျပန်၊ အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့ စီစဉ်

**ဝါရှင်တန် ဧပြီ ၁၅**

ဂျပန်၊ အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့သည် သီရိလင်္ကာနိုင်ငံ၌ တင်နေသော ကြွေးမြီအကျပ်အတည်းကို ကူညီပေးနိုင်ရန် အစီအစဉ်သစ်တစ်ရပ်ကို စတင်လိုက်ကြောင်း သိရသည်။

ထို့အပြင် ချေးငွေပေးချေခြင်းကာလနှင့်ပတ်သက်ပြီး ဆွေးနွေးရာတွင် ပါဝင်လာကြရေးနှင့် အခြားသော ဆောင်ရွက်ချက်များကို လုပ်ဆောင်ရေး အဆိုပါနိုင်ငံများက သီရိလင်္ကာနိုင်ငံသို့ ချေးငွေချေးထားသော နိုင်ငံများအား တောင်းဆိုလိုက်သည်။ ဂျပန်၊ အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့သည် အဆိုပါ အစီအစဉ်ကို ဝါရှင်တန်၌ ဧပြီ ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဂျီ-၂၀ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများသည် အမေရိကန်နိုင်ငံ၏ မြို့တော်တွင် တွေ့ဆုံခဲ့ကြသည်။ တရုတ်နိုင်ငံသည်သီရိလင်္ကာနိုင်ငံသို့ ချေးငွေအမြောက်အမြား ချေးထားသော နိုင်ငံဖြစ်ပြီး ထိုအစီအစဉ်တွင် ပါဝင်မည်လား ဆိုသည်ကို ပြောကြားထားခြင်း မရှိပေ။ အဆိုပါ သုံးနိုင်ငံအနေဖြင့် ကြွေးရှင်အားလုံးကို ပူးပေါင်းပါဝင်ရန် ကြိုဆိုကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း ထိုကြိုးပမ်းအားထုတ်မှုတွင် ပါဝင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဆူဇူကီး ရှူနီရှိက ပြောသည်။

သီရိလင်္ကာနိုင်ငံ ဘဏ္ဍာရေးသည် ငွေကြေးဆိုင်ရာ မူဝါဒမအောင်မြင်မှု၊ စျေးနှုန်းမြင့်တက်လာမှုနှင့် နိုင်ငံ၏ ငွေကြေးသိသိသာသာ ကျဆင်းလာမှုတို့၏ ရိုက်ခတ်မှုကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရသည်။ ထို့အပြင်သီရိလင်္ကာနိုင်ငံသည် ပြီးခဲ့သည့်နှစ် ဧပြီလမှစပြီး ပြည်ပကြွေးမြီပြန်လည်ပေးဆပ်မှုကို ဆိုင်းငံ့ထားသည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်နိုင်ငံ၌ တင်းမာမှုများ အရှိန်မြင့်လာနိုင်သည့်အပေါ် ကုလသမဂ္ဂက စိုးရိမ်

**ဂျီနီဗာ ဧပြီ ၁၅**

ဆူဒန်နိုင်ငံ၌ တင်းမာမှုများ အရှိန်မြင့်တက်လာနိုင်သည့် အတွက် ကုလသမဂ္ဂက ဧပြီ ၁၄ ရက်တွင် စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များ နေရာအင်အားစုဆောင်းမှုနှင့် ပိုမိုတောင့်တင်း ခိုင်မာလာအောင် လုပ်ဆောင်နေမှုများကို ခါတွန်မြို့နှင့်အခြားသော မြို့ကြီးများတွင် လုပ်ဆောင်နေသည်ကို တွေ့ရသည့်အတွက် စိုးရိမ်မိကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်းဒူဂျာရစ်က ပြောသည်။

တည်ငြိမ်သော အခြေအနေနှင့် ဒီမိုကရက်တစ်ကူးပြောင်းမှုများ လုပ်ဆောင်ရာတွင် စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်ရာမှာ အရေးကြီးသည်ဟု ၎င်းက ပြောသည်။ အာဖရိကသမဂ္ဂ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိုးရများ အာဏာပိုင်အဖွဲ့နှင့် အခြားသော အဖွဲ့အစည်းများနှင့်အတူ ရပ်တည်လျက်ရှိပြီး ဆူဒန်နိုင်ငံတွင် တင်းမာမှုများ ဖြေလျှော့ပြီး နိုင်ငံရေးသဘောတူညီမှုရရှိရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ပြောသည်။

**ဆင်ဟွာ**

# အီကွေဒေါနိုင်ငံ ဆိပ်ကမ်းမြို့၌ ဗုံးခွဲတိုက်ခိုက်မှုဆက်တိုက်ဖြစ်ပေါ်

**ကွီတို ဧပြီ ၁၅**

အီကွေဒေါနိုင်ငံ ဆိပ်ကမ်းမြို့ ဂွာရာကွီရယ်တွင် ဧပြီ ၁၃ ရက်နှင့် ၁၄ ရက် နံနက်ပိုင်းတို့က ဗုံးသုံးလုံးထက်မနည်း ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

သို့သော်လည်း သေဆုံးသူမရှိဟု အမျိုးသားရဲဌာနမှ ဧပြီ ၁၄ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ ပေါက်ကွဲမှုမှာ အားမပြင်းသော်လည်း အပျက်အစီးများရှိသည်ဟု ရဲထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် ဖြစ်သူ အယ်လိန်းလူနာက ပြောသည်။ အဆိုပါ ပေါက်ကွဲမှုသုံးခုမှာ နိုင်ငံ၏ ဒုတိယလူဦးရေအထူထပ်ဆုံးမြို့ရှိ စက်မှုအချက်အချာနေရာနှစ်ခုဖြစ်သည့် အယ်ဘိုရာဒါနှင့် ပါပ်စ်ကွာလပ်စ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အီကွေဒေါနိုင်ငံရှိ အမေရိကန်သံရုံးက ဂွာရာကွီရယ်တွင် လုံခြုံရေးသတိပေးချက် ထုတ်ပြန်ခဲ့ပြီးနောက် ယခုလို တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဧပြီ ၁၃ ရက် ညပိုင်းက မြို့တော်တွင် ရာဇဝတ်သမားများက ဗုံးတပ်ဆင်ထားမှုများ ပြုလုပ်နိုင်သည်ဟု အမေရိကန်သံရုံးက သတင်းရထားကြောင်း ထုတ်ပြန်ခဲ့သည်။

ယခုလ အစောပိုင်းကလည်း ပြည်သူများ မိမိကိုယ်ကိုယ်ကာကွယ်ရန်အတွက် အရပ်သားများ လက်နက်ကိုင်ဆောင်ခွင့်နှင့် မတည်ငြိမ်မှုများကို ဖြေရှင်းရန်အတွက် ငရုတ်ကောင်းဖျန်းဆေးများ အသုံးပြုခွင့်ကို ခွင့်ပြုပေးခဲ့သည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ အဝတ်အထည်စျေး မီးလောင်မှုဖြစ်ပွား

**ဒါကာ ဧပြီ ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမြို့ရှိ နာမည်ကျော် အဝတ်အထည်စျေးတွင် ဧပြီ ၁၅ ရက် နံနက်ပိုင်းက မီးအကြီးအကျယ်လောင်မှုဖြစ်ပွားခဲ့သည်။

မီးအကြီးအကျယ်လောင်မှုကို ငြိမ်းသတ်ရန်အတွက် မီးသတ်ကားအစီး ၃၀ ဖြင့် မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းခဲ့သည်ဟု မီးသတ်ဌာနနှင့် မြို့တော် ပြည်သူ့ကာကွယ်ရေးဌာနချုပ်မှ ဒုတိယအကြီးအကဲ အာရှက်ဒ် ဟိုစိန်က ဆင်ဟွာသို့ ပြောသည်။ မီးအရှိန်ကြောင့် မီးခိုးလုံးကြီးများ လေထုထဲသို့ လွင့်တက်လာပြီး မီးခိုးငွေ့များကြောင့် ကီလိုမီတာအနည်းငယ်အတွင်းသာ မြင်နိုင်စွမ်းရှိသည်။ ဒေသစံတော်ချိန် နံနက် ၆ နာရီဝန်းကျင်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းကိုမူ မသိရသေးဟု ဆိုသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ လုံခြုံရေးအရာရှိများကလည်း မည်သည့်မှတ်ချက်မှ မပေးခဲ့ပေ။ ဘင်္ဂလားဒေ့ရှ်ကြည်းတပ်၊ လေတပ်နှင့်ရေတပ်တို့မှ မီးသတ်တပ်စုများလည်း မီးလောင်မှုကိုငြိမ်းသတ်ရန်အတွက် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာကြသည်။ မီးလောင်မှုကို ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း အပြီးသတ်ငြိမ်းသတ်ရန် လိုအပ်သေးသည်ဟု မီးသတ်ဌာနနှင့် မြို့တော်ပြည်သူ့ကာကွယ်ရေးဌာနချုပ်မှ ဗိုလ်မှူးချုပ် အမ်ဒီ မိန်းအူဒင်က သတင်းထောက်များကို ပြောသည်။

ယခုတစ်ကြိမ် မီးလောင်မှုမှာ ပြီးခဲ့သည့် သီတင်းနှစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက် စျေးအတွင်း မီးအကြီးအကျယ်လောင်ခြင်းဖြစ်သည်။ ဧပြီ ၄ ရက်ကလည်း ဒါကာမြို့ ဘန်ဂါဇဘာဇာစျေးတွင် စျေးဆိုင်ခန်းထောင်ပေါင်းများစွာ မီးလောင်ပျက်စီးခဲ့ရသည်။

**ဆင်ဟွာ**



အခင်းဖြစ်ပွားရာနေရာတွင် မီးသတ်သမားများကို တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် ရေသဘင်မဏ္ဍပ်များသို့ ကြည့်ရှုအားပေး



**မုံရွာ ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဗဟိုမဏ္ဍပ်သို့ သွားရောက်ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပိတောက်အားမာန် ရေသဘင်မဏ္ဍပ်သို့ရောက်ရှိကာ ယိမ်းအဖွဲ့များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် နိုင်ငံကျော်အဆိုတော်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မွန်းလွဲပိုင်းတွင် မုံရွာမြို့၊ အလုံတပ်နယ်ရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ရေသဘင်မဏ္ဍပ်သို့ရောက်ရှိကာ ယိမ်းအကဖွဲ့များနှင့် အဆိုတော်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ရေကစားမဏ္ဍပ်များအား သွားရောက်ကြည့်ရှုအားပေးပြီး အတာရေသဘင်ပွဲဆင်နွှဲ



**ဘားအံ ဧပြီ ၁၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်အကြတ်နေ့ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ပေါ် ရပ်ကွက်များရှိ ရေကစားမဏ္ဍပ်များ၌ အများပြည်သူ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး မဟာသင်္ကြန်ရေသဘင်ပွဲအား ပျော်ရွှင်စွာပါဝင်ဆင်နွှဲသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဗဟိုမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ဖျော်ဖြေမှုများကိုကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ) ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကစားမဏ္ဍပ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကာ ပေပေါင်း ၁၀၀၀ ကျော် တန်ဆာဆင်ထားသည့် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲသည်။

ထို့အတူ မဟာသင်္ကြန်အကျနေ့ ညပိုင်းက ဘားအံမြို့ ကမ်းနားလမ်း မြို့မဘောလုံးကွင်းရှိ ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်ယိမ်းအကပြိုင်ပွဲ ကိုယ်ပိုင်သံစဉ်ပြိုင်ပွဲ ယိမ်းအကခုနစ်ဖွဲ့၊ Copy သံစဉ်ယိမ်းအကခြောက်ဖွဲ့၊ တပင်တိုင်အကပြိုင်ပွဲခြောက်ဖွဲ့တို့၏ ယှဉ်ပြိုင်မှုအားကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အတာသင်္ကြန်မဏ္ဍပ်နှင့် အင်းလေးရေပေါ်သင်္ကြန်မဏ္ဍပ်သို့ တက်ရောက်ချီးမြှင့်

**တောင်ကြီး ဧပြီ ၁၅**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော် (အကြတ်နေ့) ဧပြီ ၁၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဇနီး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး၊ တာဝန်ရှိသူများသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အတာသင်္ကြန်မဏ္ဍပ်သို့ သွားရောက်ကြည့်ရှုအားပေးရာ တေးဂီတအဆိုရှင်များ၊ ယိမ်းအကအဖွဲ့များမှ ကပြဖျော်ဖြေပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် အင်းပေါခုန်ကျေးရွာရှိ ခေတ်ဆန်းယဉ်အင်းလေးရေပေါ်သင်္ကြန်ဏ္ဍပ်သို့ သွားရောက်ရာ နိုင်ငံကျော်အဆိုတော်များက တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ကြသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အင်းလေးရေပေါ်သင်္ကြန်တွင် အင်းလေးဒေသရှိ ပြည်သူများမှ စည်ကားသိုက်မြိုက်အေးချမ်းစွာ ရေကစားကြကြောင်း သိရသည်။ **(အောက်ပုံ)**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို တောင်ကြီးမြို့တွင် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့တွင် စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင်စွာ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲရေကစားကြကြောင်း သိရှိရသည်။ **မောင်မောင်သန်း (တောင်ကြီး)**





# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ထားဝယ်မြို့ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး

**ထားဝယ် ဧပြီ ၁၅**

မြန်မာ့ရိုးရာမဟာသင်္ကြန် အကြတ်နေ့ဖြစ်သည့်ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူးကျင်းပသည့် ဗဟိုမဏ္ဍပ်နှင့် ဌာနဆိုင်ရာ ရေကစားသင်္ကြန်မဏ္ဍပ်များတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့် တာဝန်ရှိသူများက ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ယိမ်းအကလှပျိုဖြူများနှင့် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြသီဆို ဖျော်ဖြေနေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေနေမှုများနှင့် စတိတ်ရှိုးကဏ္ဍများ၏ ဩဘာခံဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးပြီး ဩဘာသည်တော်များနှင့် ယိမ်းအကအဖွဲ့များအား သပြေခက်ဖြင့် အတာရေဖျန်းပက်ပေးကာ ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်များတွင်လည်း မြန်မာ့ရိုးရာ နှစ်သစ်ကူးပွဲတော်ကို အေးချမ်းပျော်ရွှင်စွာဖြင့် ဒေသတွင်းမှပြည်သူများ လာရောက်ပါဝင်ဆင်နွှဲလျက်ရှိပြီး ဗဟိုမဏ္ဍပ်နှင့် ရပ်ကွက်များရှိ သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်ယိမ်းအဖွဲ့များ၊ စတိတ်ရှိုးကဏ္ဍများ၏ ဩဘာခံဖျော်ဖြေမှုများ၊ စတုဒိသာများဖြင့် ဩဘာခံကျွေးမွေးမှုများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၄-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၇၅ | ၂၂၄၅ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၀ | ၂၈၁၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၉၀ | ၂၃၉၀ | ၂၆၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၄၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၃ | ၂၁၉၉ |
| 95 Ron | ၂၁၈၇ | ၂၂၆၅ |
| HSD (500 ppm) | ၁၉၈၉ | ၂၀၅၉ |
| HSD (50 ppm) | ၂၀၆၃ | ၂၁၃၄ |
| HSD (10 ppm) | ၂၀၆၃ | ၂၁၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်းရှိ

**(၁၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၂၇,၅၈၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၅၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၁၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင် ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## နတ်မောက်မြို့၌ သင်္ကြန်ကာလ ရေကစားခြင်းနှင့် အပန်းဖြေသူများ စည်ကား

**နတ်မောက် ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ သင်္ကြန်ကာလတွင် နတ်မောက်ယင်းချောင်း၌ ရေကစားခြင်းနှင့် အပန်းဖြေအနားယူခြင်းဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ ရှိကြသည်။

နတ်မောက်မြို့ရှိ ယင်းချောင်း၌ ရေကစားကြရာတွင် သင်္ကြန်ကာလ ရုံးပိတ်ရက်ရှည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအပြင် ရပ်နီးရပ်ဝေးရှိ ပြည်သူများ လာရောက်လည်ပတ်ကာ ယင်းချောင်းအတွင်း ရေကစားခြင်း၊ ဈေးဆိုင်ခန်းများ၌ ဖွင့်လှစ်ရောင်းချသည့် စားသောက်ဖွယ်ရာများအား ဝယ်ယူအားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# "ဝ" တိုင်းရင်းသားတို့၏ ပင်းဆိုင်း CBT ကျေးရွာ

● ယဉ်လာဒ်

ရှမ်းပြည်နယ်ရဲ့ အရှေ့ပိုင်းမြို့တော်လို့ တင်စားခံရတဲ့ ကျိုင်းတုံမြို့က "ဝ" တိုင်းရင်းသားတွေ နေထိုင်ကြတဲ့ ပင်းဆိုင်းကျေးရွာကို ဒုတိယမြောက် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (CBT) ကျေးရွာအဖြစ် ဖော်ဆောင်ခဲ့ကြပါတယ်။ ကျိုင်းတုံမြို့ကို မဝင်ခင်မှာ တည်ရှိနေတဲ့ ကျေးရွာဖြစ်ပြီး သာယာပြီး လှပတဲ့ကျေးရွာဖြစ်တာကြောင့် ပင်းဆိုင်းကျေးရွာမှာ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ဖော်ဆောင်ဖို့ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။


ရှမ်းပြည်နယ် အစိုးရရဲ့ဘတ်ဂျက်နဲ့ ခရီးသွားဧည့်သည်တွေ လာရောက်နားခိုဖို့ ဧည့်ဆောင်တွေကို ဆောက်လုပ်ခဲ့တာဖြစ်ပြီး အဆောက်အအုံမြေနေရာကိုတော့ ပင်းဆိုင်းရွာက ပေးခဲ့တယ်လို့ ပင်းဆိုင်းကျေးရွာ ဥက္ကဋ္ဌ ဦးညီနပ်က ပြောပြပါတယ်။

"ရွာမြေရဲ့ နှစ်ကေကျော်ကို ပေးထားခဲ့ပြီး ကျွန်တော်တို့ရွာလေးကို ဧည့်သည်တွေလာရောက်နားခိုနိုင်ဖို့ ရှမ်းပြည်နယ်အစိုးရရဲ့ဘတ်ဂျက်နဲ့ အဆောက်အအုံတွေ ဆောက်ပေးထားပါတယ်။ ကျွန်တော်တို့ရွာလေးက ရှုခင်းအလွန်လှပါတယ်။ အိမ်ခြေ ၂၀၀ နီးပါးလောက်ရှိပြီး စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းကိုသာ အဓိကမှီခိုအားထားတဲ့ရွာလေးဖြစ်ပါတယ်" လို့ ပင်းဆိုင်းကျေးရွာ ဥက္ကဋ္ဌ ဦးညီနပ်က ပြောပြပါတယ်။

ဟိုတယ်နဲ့ ခရီးသွားဝန်ဆောင်မှုတွေကို ဒေသခံတိုင်းရင်းသားတွေ အကျွမ်းတဝင်နားလည်နိုင်စေဖို့ ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာပေးသင်တန်းတွေကို ဟိုတယ်နဲ့ခရီးသွားဝန်ကြီးဌာနက ပင်းဆိုင်းကျေးရွာမှာ ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်လို့ "ဝ"တိုင်းရင်းသား ဒေသခံ ကိုမျိုးအောင်က ပြောပါတယ်။

ရှမ်းပြည်နယ်အစိုးရက ၂၀၂၂-၂၀၂၃ ဘတ်ဂျက်နှစ်အတွင်း ပြည်နယ်ရန်ပုံငွေနဲ့ ရှမ်းပြည်နယ်အတွင်းက ကျေးရွာတွေကို CBT ကျေးရွာအဖြစ်

**ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကျေးရွာကို ဖော်ဆောင်ပေးခြင်းကနေ ကျေးရွာမှာရှိတဲ့ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာစေသလို ခရီးသွားတွေအတွက်လည်း လည်ပတ်စရာနေရာတွေ တိုးလာတဲ့အပြင် တိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့၊ ရိုးရာယဉ်ကျေးမှုတွေကို ထဲထဲဝင်ဝင်လေ့လာသွားနိုင်စေတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာ ဖြစ်ပါတယ်**



ပင်းဆိုင်းကျေးရွာ "ဝ" တိုင်းရင်းသားများ၏ ရိုးရာနေအိမ်။

ဖော်ဆောင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

"ဒီဘတ်ဂျက်ထဲမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်တစ်ခုလုံးမှာ CBT ကျေးရွာ ၁၀ နေရာကို ဖော်ဆောင်ဖို့ လျာထားတာပါ။ ဒါပေမယ့် နှစ်နေရာက နယ်မြေမအေးချမ်းလို့ ရှစ်နေရာကိုပဲ ဖော်ဆောင်သွားမှာပါ။ အဲဒီအတွက် သိန်းပေါင်းတစ်သောင်း သုံးသွားမှာပါ" လို့ ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြပါတယ်။

ကျိုင်းတုံမြို့မှာ ပထမဆုံးကျေးရွာကိုတော့ အာခါတိုင်းရင်းသားတွေ နေထိုင်ကြတဲ့ ဟိုကျင်းအာခါရွာကို ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (CBT) ကျေးရွာ ဖော်ဆောင်ခဲ့တာဖြစ်ပြီး ဒုတိယမြောက်ကျေးရွာအနေနဲ့ "ဝ" တိုင်းရင်းသားတွေ နေထိုင်ကြတဲ့ ပင်းဆိုင်းကျေးရွာကို ဖော်ဆောင်ခဲ့တာဖြစ်ပါတယ်။

"ကျိုင်းတုံမှာ အခုလို CBT ကျေးရွာတွေဖွင့်လှစ်လို့ ဂုဏ်ယူပါတယ်။ Tour Guide တွေအတွက် အကျိုးရှိလိမ့်မယ်။ ပြီးတော့ ရွာသူရွာသားအတွက် အကျိုးရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော် ထိုင်းနိုင်ငံမှာ ၁၀ နှစ်ကျော် လုပ်လာခဲ့တဲ့ အတွေ့အကြုံနဲ့ အတတ်နိုင်ဆုံး ကူညီမယ်။ ဒီကနေ ရပ်ရွာအတွက် ရိုးရာဓလေ့တွေ၊ အစားအသောက်ဆိုင်ရာတွေ၊ လူနေမှုဘဝတွေကိုလည်း သိလာစေရမယ်။ သူတို့တွေရဲ့ အသိအမြင်တွေကို ပိုပြီးတိုးတက်လာစေအောင် ကြိုးစားသွားပါမယ်"လို့ ဒေသခံ ဧည့်လမ်းညွှန် ကိုမျိုးအောင်က ပြောပါတယ်။

ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကျေးရွာကို ဖော်ဆောင်ပေးခြင်းကနေ ကျေးရွာမှာရှိတဲ့ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာစေသလို ခရီးသွားတွေအတွက်လည်း လည်ပတ်စရာနေရာတွေတိုးလာတဲ့အပြင် တိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့၊ ရိုးရာယဉ်ကျေးမှုတွေကို ထဲထဲဝင်ဝင် လေ့လာသွားနိုင်စေတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာ တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြတာဖြစ်ပြီး ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေ အများဆုံးလာရောက်လည်ပတ်တဲ့ ပြည်နယ်တစ်ခုဖြစ်သလို Tourism City၊ Smart City၊ Clean City နဲ့ ထင်ရှားတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။

ဒါကြောင့်မို့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့၊ ရိုးရာယဉ်ကျေးမှုတွေကို ထဲထဲဝင်ဝင် လေ့လာနိုင်မယ့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (CBT)ကျေးရွာတွေကို သွားရောက်လည်ပတ်စေဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။





ပင်းဆိုင်းကျေးရွာ "ဝ" တိုင်းရင်းသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းခွင်။

# ပုဂံခေတ်မှ ပင်းယခေတ်အတွင်း အနုပညာလက်ရာများ တစ်နေရာတည်း စုဝေးတည်ရှိရာ ကျောက်ဆည်မြို့နယ်အတွင်းမှ ရွှေဂူကြီးစေတီတော်ကြီး

**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းမှ ရွှေဂူကြီးစေတီတော်ကြီးသည် ပုဂံခေတ် (အေဒီ ၁၁ ရာစု)မှ ပင်းယခေတ် (အေဒီ ၁၄ ရာစု)အတွင်း အနုပညာလက်ရာများ တစုတဝေးတည်း အပြည့်စုံဆုံး စုဝေးတည်ရှိရာ စေတီတော်ကြီးဖြစ်သည်။**



### ရွှေဂူကြီးစေတီတော်ကြီး တည်နေရာနှင့် သမိုင်း

ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့သော ထေရဝါဒဗုဒ္ဓဘာသာသာသနာပြု မင်းမြတ်အနော်ရထာသည် ပုဂံနိုင်ငံတော်ကြီး၏ စပါးကျီဒေသဖြစ်သော စမုံ၊ စမာ၊ ဇော်ဂျီ ပန်းလောင်နှင့် ဒုဋ္ဌဝတီမြစ်တို့ ဖြတ်သန်းစီးဆင်းရာ ကျောက်ဆည်လွင်ပြင်တွင် ပင်လယ်၊ ပြည်မနား၊ မြစ်သာ၊ ရမုန်း၊ မြင်းခုံတိုင်၊ ပနန်၊ တမုတ်၊ သင်တောင်း၊ မက္ခရာ၊ တပြက်သာ၊ ခံလူး စသည့် လယ်တွင်း ၁၁ ခရိုင် ခံမြို့များ အခိုင်အမာ တည်ဆောက်ခဲ့ပြီး အဆိုပါ ခံမြို့များသည် မြစ်သားမြို့နယ်၌ သုံးမြို့၊ ကျောက်ဆည်မြို့နယ်၌ ငါးမြို့၊ စဉ့်ကိုင်မြို့နယ်၌ သုံးမြို့ အသီးသီးတည်လျက်ရှိသည်။

၁၁ ခရိုင်မြို့များတွင် တစ်မြို့အပါအဝင်ဖြစ်သော တမုတ်မြို့ဟောင်းသည် ပန်းလောင်မြစ်၏ အရှေ့ဘက် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ညောင်ပင်ဇောက်ကျေးရွာအနီးတွင် တည်ရှိခဲ့ပြီး အကျယ်အဝန်း ၂၅ ဧကရှိသည်။ မြင်းခွာပုံသဏ္ဌာန်ရှိသော အုတ်မြို့ရိုး တည်ဆောက်ထားပြီး တမုတ်ရွှေဂူကြီးစေတီတော်မြတ်ကြီးသည် အဆိုပါ တမုတ်မြို့ဟောင်းကုန်း၏ အတွင်းဘက် အရှေ့တောင်ထောင့် ကျောက်ဆည်မြို့၏ အနောက်ဘက် ခြောက်မိုင်အကွာ ကျောက်ဆည်– တံတားဦး ကားလမ်းဘေး ညောင်ပင်ဇောက်ကျေးရွာအနီးတွင် တည်ရှိသည်။

တစ်မုတ်ရှင်ပင်ရွှေဂူကြီး စေတီတော်ကြီးသည် ပုဂံခေတ်ဦးပိုင်းက ပန်းလောင်မြစ်ရိုးတစ်လျှောက် အနော်ရထာမင်းကြီး တည်ထားပူဇော်ခဲ့သော ဂူကြီးကိုးလုံးအနက် တစ်လုံးဖြစ်ခဲ့ပြီး ပုဂံခေတ်နှောင်းပိုင်း (၁၂ ရာစုနှောင်းပိုင်း)တွင် မြစ်တော်နရပတိစည်သူမင်းကြီးက မူလစေတီတော်ပုံ အထွတ်တင် တစ်ထပ်ဂူဘုရားငယ်ကို ကွမ်းတောင်ပေါက်နှစ်ထပ်ဂူဘုရားအဖြစ် ပြောင်းလဲပြုပြင်လိုက်သည့် အပြင် အတွင်းရှိ ဆင်းတုတော် အကြီးအငယ်များ၊ အပြင်မှ အလွန်အနုစိတ်လှသော ကနုတ်ပန်းများ၊ တိရစ္ဆာန်ပုံမျိုးစုံ၊ ကျေးငှက်ရုပ်မျိုးစုံ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ကိန္နရာပေါင်းစုံတို့၏ အရုပ်များဖြင့် ပြန်လည်အလှဆင်ခဲ့သည်။ ပင်းယခေတ် (သက္ကရာဇ် ၆၈၄ ခု) ဥဇ္ဇနာမင်းကြီး လက်ထက်တော်တွင် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်များကို ထပ်မံလွှမ်းငုံ၍ စေတီတော်အသစ် တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းသုတေသီ မောင်ဝင်းမောင်(တမ္ပဝတီ) ရေးသားပြုစုထားသည့် တမုတ်ရှင်ပင်ရွှေဂူကြီး စေတီတော် သမိုင်းအကျဉ်းစာအုပ်မှ သိရသည်။



### နံရံဆေးရေးပန်းချီနှင့် အနုပညာလက်ရာများ

ယခုအခါ တမုတ်ရှင်ပင် ရွှေဂူကြီးဘုရားကြီးကို ပြန်လည်ပြုပြင်မွမ်းမံထားမှုကြောင့် ဒုတိယလိုဏ်ဂူဂန္ဓကုဋိတိုက်အတွင်းရှိ နံရံဆေးရေးပန်းချီများ၊ ဦးခေါင်းတော် နှစ်ပေ ခြောက်လက်မ၊ ဉာဏ်တော် ၁၀ ပေခန့်ရှိ အလွန်သပ္ပာယ် ကြည်ညိုဖွယ်ကောင်းသော အင်္ဂတေရုပ်ပွားတော်ကြီး ကိုယ်တစ်ပိုင်းနှင့် အနော်ရထာမင်းကြီး တည်ထားပူဇော်ခဲ့သော ရုပ်ပွားတော်များ၊ ရှေးဟောင်းအနုပညာလက်ရာများ ဖြစ်သည့် ပန်းဆွဲဘီလူးများ၊ နံရံအင်္ဂတေ ပန်းတော့ ရုပ်ကြွများ၊ စေတီတော်လေးဘက်မျက်နှာရှိ မုခ်ဦးတံကဲ ကနုတ်ပန်း ဒီဇိုင်းများ၊ ခြသေ့်ကိုယ်နှစ်ခွ မြင်းခေါင်းပုံနှင့် လူခန္ဓာ(အသဃမုခိ)ပုံ၊ ဆင်ဦးခေါင်းနှင့် ငှက်ကိုယ်(ဆင်ငှက်)၊ ဗျိုင်းနှစ်ကောင်လည်လိမ်၊ ကြက်ဖ၊ ဆင်၊ သမင်၊ မျောက်၊ မိကျောင်း၊ ငါး စသည့် ပုံများကို လေ့လာနိုင်သည်။

ထို့ပြင် အထက်ပစ္စယံ အဆင့်ဆင့်၏ မှန်ကွက်များတွင် အင်္ဂတေများဖြင့် ဇာတ်တော်နိပါတ်စဉ်များနှင့် ဇာတ်တော်အမည်ရေးထိုးထားသော ငါးရာ့ငါးဆယ် သရုပ်ဖော် ဖောင်းကြွရုပ်ပုံများ၊ မုခ်ဦးအတွင်း ဉာဏ်တော် ၁၀ ပေရှိ ရုပ်ပွားတော် စသည်ဖြင့် ဆန်းကြယ်သော ၁၂ ရာစုခေတ် ပန်းတော့လက်ရာ အနုစိတ် အင်္ဂတေဒီဇိုင်းများကိုလည်း တမုတ်ရှင်ပင်ရွှေဂူကြီး စေတီတော်မြတ်ကြီး၌ ဖူးတွေ့ လေ့လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ပုဂံခေတ်မှ ပင်းယခေတ်အတွင်း အနုပညာ လက်ရာများ(ရှေးမူလလက်ရာအတိုင်း) တစ်နေရာတည်း အပြည့်စုံဆုံး စုဝေးတည်ရှိရာ မြန်မာနိုင်ငံ၏ တစ်ဆူတည်းသော မြန်မာ့ဂုဏ်ဆောင် တမုတ်ရှင်ပင် ရွှေဂူကြီးစေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများ အနေဖြင့် သကြံန်ရက်ရှည် ရုံးပိတ်ရက်များတွင် လာရောက်လေ့လာ ကြည်ညိုနိုင်ပါစေကြောင်း အသိပေးရေးသားလိုက်ရပါသည်။ ။

**သက်မောင်**
**(ကျောက်ဆည်)**

# ကျန်းမာရေးအတွက် အထောက်အကူပြုသော ပူတာအိုဒေသထွက် ဆေးဖက်ဝင် ရှီးပတီး(ခေါ်) ပိုးဆေးနွယ်ရှင်

ကချင်ပြည်နယ် ရေခဲတောင်ဒေသ အပါအဝင် ရေခဲတောင်များ ဖုံးလွှမ်းရာ တိဘက်ကုန်းမြင့်ဒေသမှသာ ရှာဖွေတွေ့ရှိနိုင်သည့် ဆေးဖက်ဝင် ရှီးပတီး (ခေါ်)ပိုးဆေးနွယ်ရှင်သည် ကျန်းမာရေး အတွက် အထောက်အကူပြုသော ဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်ကြောင်း သိရသည်။

ရှီးပတီး(ခေါ်)ပိုးဆေးနွယ်ရှင်ကို ရှေးနှစ်ပေါင်း ထောင်ချီကတည်းက တရုတ်ပြည်တွင် ပြည့်ရှင်မင်းပိုင်နန်းတွင်းဆေးအဖြစ် သတ်မှတ်ထားခဲ့ပြီး သာမန်ပြည်သူများ သုံးစွဲခွင့်မရှိသော ရှားပါးဆေးဖက်ဝင် အပင်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ တစ်သောင်းကျော်တွင်သာ ရှာဖွေတွေ့ရှိနိုင်ပြီး တရုတ်ပြည်တွင် ဆောင်းပိုး၊ နွေမြက်ဟု ခေါ်ဆိုကြသည်။ ရှီးပတီး အကောင်များသည် ဆောင်းတွင်းအေးမြသည့်အချိန်တွင် ပိုးတုံးလုံးအနေဖြင့် ရှင်သန်နေပြီး နွေကာလတွင် မြက်ကြားမှ မှိုလေးအသွင်ဖြင့် ရှင်သန်နေခြင်းကြောင့် ခေါ်ဆိုကြခြင်းဖြစ်သည်။

ရှီးပတီး(ခေါ်) ပိုးဆေးနွယ်ရှင်ကို စိုက်ပျိုးမွေးမြူ၍မရဘဲ သဘာဝအတိုင်း ရေခဲတောင်တွင် ရှာဖွေတူးဖော်မှသာ ရရှိနိုင်သည်။ မြန်မာနိုင်ငံတွင်မူ မြောက်ဘက်အစွန်ဆုံး ပူတာအို ရေခဲတောင်ဒေသတွင် တွေ့ရပြီး အခြားနိုင်ငံများအနေဖြင့် ဘူတန်၊ နီပေါနှင့် တရုတ်ပြည် အနောက်တောင်ပိုင်းဒေသတွင်သာ



တွေ့ရှိရသည်။ ရှီးပတီး(ခေါ်)ပိုးဆေးနွယ်ရှင်ကို အာဟာရအကျိုးကျေးဇူး ပြည့်ဝသော စားသုံးနိုင်သည့် မှိုမျိုးစိတ်ဝင် တစ်မျိုးအဖြစ် လူသိများကြပြီး တရုတ်ပြည်မှလာသည့် Cordyceps Sinensis မျိုးစိတ်သည် အထင်ရှားဆုံးဖြစ်သည်။

ရှီးပတီး(ခေါ်) ပိုးဆေးနွယ်ရှင်သည် အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ စိတ်ဖိစီးမှုများနှင့် ရောဂါပိုးမွှားများမှ ကာကွယ်ပေးပြီး ကိုယ်ခန္ဓာ၏ Energy Level ကိုလည်း မြှင့်တင်ပေးရုံသာမက လေ့လာတွေ့ရှိချက်များအရ ရှီးပတီး Cordyceps ကို သဘာဝကင်ဆာကုထုံးဟု သတ်မှတ်ကြကာ ကင်ဆာဆဲလ်ပြန့်ပွားခြင်း(အထူးသဖြင့် အဆုတ်နှင့်အရေပြား) ကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ရှီးပတီး(ခေါ်)ပိုးဆေးနွယ်ရှင်များကို ရေခဲများအရည်ပျော်သည့် မိုးတွင်းကာလတွင် သွားရောက်ရှာဖွေကြရသည်။ အဆိုပါ ရှီးပတီး(ခေါ်)ပိုးဆေးနွယ်ရှင်ဖြင့် ဖော်စပ်ထားသည့် ဆေးများ၊ ဒေသထွက် ဆေးမြစ်ဆေးဥများကို ပူတာအိုမြို့ စည်ပင်သာယာဈေးများနှင့် လေဆိပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး ရှီးပတီး(ခေါ်) ပိုးဆေးနွယ်ရှင်များကို ဦးရေ၊ ပျားရည်နှင့် အခြားဆေးမြစ်ဆေးဥအစုံဖြင့် ဖော်စပ်ထားသော ဆေးရည်အဖြစ်လည်းကောင်း၊ အကောင်လိုက်သော် လည်းကောင်း၊ ပိဿာအလိုက် လည်းကောင်း ရောင်းဝယ်လျက်ရှိကာ ပူတာအိုဒေသသို့လာရောက်လည်ပတ်ကြ



သည့် ပြည်တွင်း ပြည်ပ ခရီးသွားများ အနေဖြင့် ဆေးအဖြစ် မှီဝဲရန်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများကို လက်ဆောင်ပေးရန်လည်းကောင်း မပါမဖြစ် ဝယ်ယူလျက်ရှိကြသည်။

**ဖုန်ကန်(ပူတာအို)**

# လွမ်းလို့ကျန်မည့် ကျွန်းသင်္ကြန် ပါဝင်ဆင်နွှဲရန် သင်္ကြန်အကြတ်နေ့တွင် မြိတ်ကျွန်းစုရှိ အထင်ရှားဆုံး စမတ်ကျွန်းသို့ သင်္ကြန်ချစ်သူများ သွားရောက်

မြိတ် ဧပြီ ၁၅

၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် လွမ်းလို့ကျန်မည့် ကျွန်းသင်္ကြန် ပါဝင်ဆင်နွှဲရန်အတွက် သင်္ကြန်ချစ်သူပြည်သူများ၊ ခရီးသွားများနှင့် ဒေသခံများသည် မြိတ်ကျွန်းစုရှိ အထင်ရှားဆုံး စမတ်ကျွန်းသို့ မြိတ်ဆိပ်ကမ်းမှ ကမ်းရိုးတန်းအမြန်ရေယာဉ်(၉၉၉)ဖြင့် ဧပြီ ၁၅ ရက်(သင်္ကြန်အကြတ်နေ့)တွင် သွားရောက်ခဲ့ကြသည်။

လွမ်းလို့ကျန်မည့် ကျွန်းသင်္ကြန်အစီအစဉ်အဖြစ် ကျွန်းပေါ်တွင် Archimedes Music Band နှင့်အတူ ရေကစားမဏ္ဍပ်ဖြင့် ဖျော်ဖြေရေးအစီအစဉ်များကို AB Travel & Tours နှင့် Moe Travel & Tours တို့က ပူးပေါင်းစီစဉ်ထားရှိပြီး ကျွန်းအပန်းဖြေသင်္ကြန်ပွဲတော်ကို ဖျော်ဖြေရေးအစီအစဉ်နှင့်အတူ ရေကစားခြင်း၊ အပန်းဖြေခြင်း၊ ရေကူးခြင်းတို့ဖြင့် ပျော်ရွှင်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ဆိုတဲ့ ရာသအတိုင်း ကျွန်းမှာ အေးအေးချမ်းချမ်းနဲ့ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ဖို့ အတွေးလေးနဲ့ ကျွန်းသင်္ကြန်ခရီးစဉ်ကို ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်းမှာ သင်္ကြန်မဏ္ဍပ်တွေ ဆောင်ရွက်ထားပါတယ်။ တီးဝိုင်းတွေပါတယ်။ လူဦးရေ ၂၀၀ ခန့်ပါတဲ့ အမြန်ရေယာဉ်နဲ့ မနက် ၆ နာရီခွဲမှာ စထွက်ပြီး ညနေ ၆ နာရီခွဲမှာ ပြန်ရောက်မှာဖြစ်ပါတယ်" ဟု Moe Travel & Tours မှ MD ဦးမိုးဇော် က ပြောသည်။

ကျွန်းသင်္ကြန်ကို အေးချမ်းပျော်ရွှင်စွာ ကျင်းပမည့် စမတ်ကျွန်း (Smart Island)ကမ်းခြေသည် မြိတ်မြို့ ဆိပ်ကမ်း ကမ်းနားရေပြင်မှ ရေမိုင် ၆၀ ခန့်ကွာဝေးပြီး သဘာဝအလျောက် တည်ရှိသည့် ကျောက်စရစ်ကမ်းခြေနှင့် သဲကမ်းခြေရှိသော ကျွန်းတစ်ကျွန်းဖြစ်သည်။ ကျွန်းခရီးလည်ပတ်အပန်းဖြေရင်း ကျွန်းသင်္ကြန်ပွဲတော် နွှဲပျော်ရန် သင်္ကြန်ချစ်သူပြည်သူများ၊ ခရီးသွားများနှင့် ဒေသခံများသည် မိသားစုအလိုက် အစုအဖွဲ့အလိုက် ပျော်ရွှင်စွာဖြင့် မြိတ်ဆိပ်ကမ်းမှတစ်ဆင့် ကမ်းရိုးတန်းအမြန်ရေယာဉ်စီး၍ နံနက် ၆ နာရီခွဲကျော်က ထွက်ခွာသွားခဲ့ကြသည်။



ထို့တူ မြိတ်ကျွန်းစုရှိ သဘာဝအလှတရားများဖြင့် သာယာလှပသည့်ကျွန်းများသို့ သင်္ကြန်ကာလ ကျွန်းအပန်းဖြေခရီးကို စိတ်အေးချမ်းသာစွာဖြင့် လည်ပတ်အပန်းဖြေရန် ခရီးသွားဧည့်သည်များနှင့် ဒေသခံများ သွားရောက်အပန်းဖြေလိုသည့် ကျွန်းများသို့ ခရီးသွားလုပ်ငန်းများ၏ Speed Boat များဖြင့် မြိတ်ဆိပ်ကမ်းမှတစ်ဆင့် ကျွန်းများသို့ ပို့ဆောင်ပေးကြခြင်းဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

# မဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် မြို့နယ်အသီးသီး၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိ

**ဧပြီ ၁၅ ရက် မဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် မြို့နယ်အသီးသီး၌ ပြည်သူများက ရေပက်မဏ္ဍပ်များ ရေပက်ခံကားများဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိသလို စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။**

## သန်လျင်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၌ သင်္ကြန်အကြတ်နေ့တွင် ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။ သန်လျင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်သို့ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးဝင်းမိုးနိုင်၊ အဖွဲ့ဝင်(၂)ဦးအောင်မြင့်တို့ ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် ယိမ်းအကအဖွဲ့များ၊ တေးသံရှင်များအား ဂုဏ်ပြုဆုငွေများပေးအပ်၍ အတာရေများ ပက်ဖျန်းပေးကြသည်။

ထို့တူ ရပ်ကွက်ကျေးရွာများရှိ လမ်းများ၌ ရေကစားကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိပြီး မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၊ ကျောင်းကန်ဇရပ်များ၊ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဥပုသ်သီတင်းသီလဆောက်တည်သူများ၊ တရားဘာဝနာပွားများသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



## အုတ်တွင်း

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိသင်္ကြန်မဏ္ဍပ်များတွင် ဖျော်ဖြေရေး အစီအစဉ်များနှင့် ရေကစားမဏ္ဍပ်များ ဆောင်ရွက်ပေးထားပြီး သင်္ကြန်(အကြိုနေ့)မှစတင်ကာ ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ ပြည်သူများအေးချမ်းစွာ ရေကစားနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ကာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီက စီစဉ်ဆောင်ရွက်ပေးထားသည်။

အုတ်တွင်းမြို့နယ်၌ ယခုနှစ် သင်္ကြန်ပွဲတော်သည် ယခင်နှစ်များထက် ပိုမိုစည်ကားလျက်ရှိပြီး ရေကစားသူများ ဘေးကင်းလုံခြုံမှုရှိစေရေး ဌာနဆိုင်ရာများနှင့် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီတို့က ပူးပေါင်းဆောင်ရွက်နေကြောင်း၊ မဟာသင်္ကြန်(အကြိုနေ့)မှစ၍ နေ့စဉ် အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**အေးမင်းရည်စော(ပြန်/ဆက်)**



## ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ မဟာအတာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် ပြည်သူများပျော်ရွှင်စွာ ရေကစားခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ ကျောင်းကန်ဘုရားများ၌ ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြင့် ပျော်ရွှင်အေးချမ်းစွာ ဖြတ်သန်းလျက်ရှိသည်။ ကျိုက်ထိုမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အလှူရှင်များစုပေါင်းကာ နေ့စဉ် ပြည်သူ့ဈေးရှေ့၌ ကြာဆံကြော်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ မုန့်လုံးရေပေါ်၊ သင်္ကြန်ထမင်း စသည့် ရိုးရာအစားအစာများကို အစုအဖွဲ့အလိုက် ကျွေးမွေးလှူဒါန်းကြပြီး လူငယ်များက အုန်းလက်မဏ္ဍပ်ငယ်များဖြင့် ရေကစားခြင်း၊ လူကြီးများက ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ၌ ဥပုသ်သီလဆောက်တည်ခြင်း တရားဘာဝနာပွားများခြင်းတို့ဖြင့် မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြတ်နေ့ကို ဖြတ်သန်းလျက်ရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ရန်ကင်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ရန်ကင်းပိတောက် ရေကစားမဏ္ဍပ်တွင် လာရောက်ရေကစားကြသူများ၊ ရေပက်ခံကားများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကင်းပိတောက်ရေကစားမဏ္ဍပ်တွင် အနုပညာရှင်များက သင်္ကြန်၏ပုံရိပ်ကို ပေါ်လွင်စေမည့် သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေလျက်ရှိပြီး ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်စေရန် မြို့နယ်ရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပေးကာ ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**အိရွှေစင်(ပြန်/ဆက်)**



## သာပေါင်း

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ သင်္ကြန်အကြတ်နေ့တွင် နံနက် ၈ နာရီအချိန်မှစတင်ကာ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တို့တွင် ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။ အမှတ်(၂)ရပ်ကွက် စည်ပင်သာယာပန်းခြံရှိ ဗဟိုမဏ္ဍပ်နှင့် ရပ်ကွက်ပေါင်းစုံ ရေကစားမဏ္ဍပ်တို့တွင် ပြည်သူများ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ရေကစားလျက်ရှိပြီး နေ့လယ်ပိုင်းတွင် စတုဒိသာ ဧည့်ခံကျွေးမွေးရာနေရာများသို့ လှည့်လည်စားသောက် အနားယူ၍ ညနေမဏ္ဍပ်များ ပြန်ဖွင့်ချိန်ကို စောင့်ဆိုင်းလျက်ရှိကြသည်ကို တွေ့ရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**



# သီပေါ၌ ကုစ္ဆာသယဥတ္တရလာဘ သိဒ္ဓိအောင်ဘဏ္ဍာ ရှေးဟောင်းစေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာကျင်းပ

**သီပေါ မေ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ဘဏ္ဍာဘုန်းတော်ကြီးကျောင်းတိုက် ပရိဝုဏ်အတွင်း ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က ရှေးမင်းအဆက်ဆက်နှင့် ရှမ်းစော်ဘွားများ တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်း ကုစ္ဆာသယဥတ္တရလာဘ သိဒ္ဓိအောင်ဘဏ္ဍာ ရှေးဟောင်းစေတီတော်မြတ်ကြီး လေဒဏ်မိုးဒဏ်များကြောင့် ပျက်စီးယိုယွင်းလျက်ရှိရာ ရှေးမူမပျက် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒခံယူလျက် ဘဏ္ဍာကျောင်းတိုက်ကြီး ပဓာနနာယက ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တအရှင်ဇာနေယျ ဦးဆောင်ဦးရွက်ပြုမှုနှင့် စေတနာရှင်များ လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့ရာ ထီးတော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ကျင်းပသည်။



ရှေးဦးစွာမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ် အမှူးပြုသော ဆရာတော် သံဃာတော်များက နမောတဿ သုံးကြိမ်ရွတ်ဆို အခမ်းအနားဖွင့်လှစ်ပြီး ဘဏ္ဍာကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇာနေယျထံမှ အနုမောဒနာတရားနှင့် ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ထီးတော် စိန်ဖူးတော်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဥပဏ္ဍာ အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ကုသိုလ်ရှင်များ တက်ရောက်ကြည်ညိုကြပြီး ထီးတော်ကြီးကို စေတီတော်မြတ်ကြီးများအား လက်ယာရစ် လှည့်လည်ပူဇော်ခြင်း၊ အရံစေတီတော်၊ စိန်ဖူးတော်များကို နေ့နံအလိုက် ပင့်ဆောင်ကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခြင်း၊ စေတီတော်အထွတ်သို့ ဆရာတော်များ၊ ကုသိုလ်ရှင်များ၊ ရေကြည်တော် ဝတ်အသင်းသားများက နေရာယူ၍ ထီးတော်တင်လှူပြီးသောအခါ ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ဆောင်ရွက်ကြသည်။

စိန်ဖူးတော်မြတ်ကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အောင်မြင် ပြီးမြောက်အောင် ပင့်ဆောင်နိုင်ခဲ့ပြီး စေတီတော် ဝန်းကျင်တစ်ခုလုံး အောင်စည်အောင်မောင်းများ တီးခတ်ပူဇော်၍လည်းကောင်း၊ မေတ္တာသုတ်နှင့် ၂၄ ပစ္စည်းအား ရွတ်ဖတ်၍လည်းကောင်း၊ ခရာသင်းများမှုတ်၍လည်းကောင်း ပူဇော်ကန်တော့ပြီး ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## ဘိုကလေးမြို့နယ်အတွင်း သင်္ကြန်တွင်း၌ ဒုလ္လဘရဟန်း၊ ရှင်သာမဏေပြုသူ အပါး ၁၀၀၀ ခန့်ရှိ

**ဘိုကလေး မေ ၁၅**

မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာအရ အတာသင်္ကြန်အခါ၌ ကုသိုလ်ကောင်းမှုအစုစု ပြုမူဆောင်ရွက်ကြရာ သင်္ကြန်အခါမတိုင်ခင်ကပင် မြတ်ဗုဒ္ဓ၏အမွေအနှစ် သားတော်များအဖြစ် နေရာဒေသအနှံ့အပြား၌ ဒုလ္လဘရဟန်း၊ ရှင်သာမဏေပြု၍ သာသနာ့ဘောင်သို့ ခဏတာ ဝင်ရောက်ကျင့်ကြံ၊ ကြိုးကုတ်၊ အားထုတ်ဆောင်ရွက်ကြပြီး ယခုနှစ် မဟာသင်္ကြန်၌ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၏ မြို့ပေါ်ကျောင်းတိုက်များတွင် ဒုလ္လဘရဟန်း၊ ရှင်သာမဏေပြုသူ အပါး ၁၀၀၀ ခန့်ရှိကြောင်း မြို့နယ်ဆရာတော်၊ သံဃာတော်များထံမှ သိရသည်။

ဘိုကလေးမြို့ပေါ်တွင် ဘုန်းတော်ကြီးကျောင်း ၅၀ ကျော် တည်ရှိပြီး အဆိုပါကျောင်းတိုက်များမှ အချို့သော ကျောင်းတိုက်များတွင် သင်္ကြန်တွင်း၌ တရားစခန်းပွဲများ၊ ဝိပဿနာစခန်းများ၊ တရားပွားများသည့်စခန်းများ ဖွင့်လှစ်ပို့ချကုသိုလ်ပြုကြပြီး အဆိုပါတရားစခန်းများ ဖွင့်လှစ်သည့် ကျောင်းတိုက်များတွင် ဒုလ္လဘရဟန်း၊ ရှင်သာမဏေပြုသူများ ကျောင်းတိုက်တစ်တိုက်၌ ရာချီရှိပြီး ယခုနှစ် မဟာသင်္ကြန်၌ ဘိုကလေးမြို့ပေါ်ကျောင်းများ၌ ဒုလ္လဘရဟန်း၊ ရှင်သာမဏေပြုသူ အပါးရေ ၁၀၀၀ ခန့်ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် မေ ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ ညောင်ဦးမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၅ - ၄ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၃၀ ကျပ် | ၂၂၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၉၅ ကျပ် | ၂၃၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၉ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၉၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၀၀၀ | ၂၆၃ | ၂၀၉၂၇၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၄၇၈ | ၁၄၃၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၄၁၀၁ | ၅၉၅၁၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၇ | ၁၈၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# နံ့သာသွေးခြင်း ဘုရားရေချိုးပွဲဓလေ့နှင့် ရခိုင်သင်္ကြန်

**ကျွန်းသားငမန်း**

**ပိတောက်ဝါဝါ ငုဝါဝါတို့ သိန်သရေ ထိန်ဝေလို့တောက်ခဲ့ပြီ။ ငုနှင့်ပိတောက်တို့အလှချင်းဆိုင်၊ ဂုဏ်ချင်းပြိုင်နေကြပြီ။ သင်္ကြန်မိုးပြေးကလေးတစ်ဖြိုက် ရွာအပြီးတွင် ပိတောက်ပန်းတို့ အစွမ်းကုန်ပွင့်လန်းကာ ပင်လုံးကျွတ်ထိန်ဝေနေသည်မှာ ရွှေစင်ရွှေမှုန်တို့ကပ်ငြိနေသည်သို့ ထင်မှတ်ရသည်။ ပိတောက်ပင်၏ အောက်ခြေမြေတလင်း၌ ပြန့်ကြဲနေသည့် ပိတောက်ပန်းကြွေတို့မှာလည်း နင်းရက်စရာမရှိ။ ရွှေစင်ရွှေစက်တို့အား ပက်ဖျန်းကြဲပက်ထားသည့်အလား။ ပိတောက်ပန်း၏ ရနံ့ကလည်း စူးရှမွှေးမြနေသည်။ အဝေး အသံချဲ့စက်မှ သင်္ကြန်တေးသံက လွင့်ပျံလာသည်။ တီးလုံးတီးကွက်က မြိုင်မြိုင်ဆိုင်ဆိုင်။ ဗီစီဒီခွေဖြင့် ဖွင့်ထားသည့် တေးသံဖြစ်လိမ့်မည်ထင်သည်။ ကြားနေရသောသင်္ကြန်သံချပ်သံနှင့်အတူ ဖြတ်သန်းခဲ့ရသော ငယ်ဘဝကို တမ်းတဖြစ်မိပြန်သည်။**



သင်္ကြန်တဲ့။ သင်္ကန္တ -ကူးပြောင်းခြင်း၊ရွှေ့ပြောင်းခြင်းဆိုသော ပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ သက္ကတဘာသာအားဖြင့်မူ သကန္တြ။ မြန်မာအလိုအားဖြင့်မူ သင်္ကြန်ဖြစ်သည်။ နှစ်ဟောင်းကို ချန်ရစ်ပြီး နှစ်သစ်သို့ ကူးပြောင်းသောကာလဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မြန်မာများတို့မှာ နှစ်ဟောင်းကိုနှုတ်ဆက် နှစ်သစ်ကိုကြိုဆိုသော သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲလေ့ရှိကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်သည့်သဘောဖြင့် တစ်ဦးနှင့်တစ်ဦး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ရေစင်ပက်ဖျန်း သွန်းလောင်းခြင်းဖြင့် သင်္ကြန်ပွဲကို ဆင်နွှဲလေ့ရှိတတ်ကြသည်။ ရေဆိုသည်က အေးမြခြင်း၊ အညစ်အကြေးများကို သန့်စင်ဆေးကြောပေးပြီး သန့်ရှင်းစင်ကြယ်စေခြင်း၊ ရေကိုသား၍ အကြားမထင်သည့် ဂုဏ်သတ္တိရှိခြင်းများရှိသည်မို့ မင်္ဂလာရှိသောအယူအဆဖြင့် ရေပက်ကစားခြင်းပင်ဖြစ်သည်။

သင်္ကြန်ပွဲရေကစားပွဲတော်ကို မြန်မာပြည်သူတို့ နိုင်ငံနှင့်အဝန်း ကျင်းပလေ့ရှိကြသည်။ တိုင်းရင်းသားလူမျိုးများတွင်လည်း ကိုယ့်ဓလေ့နှင့်ကိုယ် ကျင်းပလေ့ရှိတတ်ကြသည်။ သို့ရာတွင် ဒေသတစ်ခုနှင့်တစ်ခု တူညီခြင်းတော့မရှိ။ သင်္ကြန်ရေကစားခြင်း၏ အနှစ်သာရ ရည်ရွယ်ချက်များမှာ တူညီသော်လည်း ကျင်းပသည့်စနစ်မှာမူ တူညီခြင်းမရှိကြ။ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သော ရခိုင်သင်္ကြန်ပွဲတော်ကျင်းပခြင်းမှာလည်း တစ်မူထူးခြားသည်။ အထူးသဖြင့် သင်္ကြန်အကြိုပွဲကို ကျင်းပခြင်းပင်ဖြစ်သည်။

> ❖ **သင်္ကြန်ကာလတွင် သင်္ကြန်အကြိုရက်၊ သင်္ကြန်အကျရက်၊ သင်္ကြန်အကြတ်ရက်နှင့် သင်္ကြန်အတက်ရက်တို့ ရှိကြသည်။ စာရေးသူတို့ ရခိုင်ဒေသတွင်တော့ သင်္ကြန်မကျမီ သင်္ကြန်အကြိုပွဲကို တခမ်းတနားပြုလုပ်ကျင်းပလေ့ရှိကြသည်။ တစ်နည်းပြောရလျှင် နံ့သာသွေးပွဲနှင့် ဘုရားရေချိုးပွဲ (ရေသပ္ပာယ်ပွဲ)ဖြစ်သည်။ နံ့သာသွေးပွဲကို သင်္ကြန်အကြိုရက်မတိုင်မီညတွင် ပြုလုပ်လေ့ရှိကြသည်။**
>
> ❖ **နံ့သာသွေးပွဲမှာ ရခိုင်တိုင်းရင်းသားတို့ အလေးအမြတ်ထားကြသည့်ပွဲလည်း ဖြစ်သည်။ ကျေးလက်တောရွာများတွင် ကျေးရွာလူကြီးများ၏ အိမ်ရှေ့တလင်းမှာ၊ သို့မဟုတ် ရွာလယ်ခွဆုံရှိ မြေတလင်းပြင်မှာ အောက်လင်းဓာတ်မီးတွေထွန်းပြီး တပျော်တပါး စုဝေးပြီး နံ့သာသွေးကြသည်။**

### သင်္ကြန်အကြိုပွဲ ကျင်းပခြင်းဓလေ့

သာသနာတော်သက္ကရာဇ် ၁၂၃ ခုနှစ်တွင် ရခိုင်ပြည် ဓညဝတီသို့ ဘုရားရှင်ကိုယ်တော်တိုင်ကြွချီရောက်ရှိတော်မူခဲ့ကြောင်း ရခိုင်သာသနာသမိုင်းတွင် ပြဆိုထားရှိသည်။ သင်္ကြန်အချိန်အခါရောက်တိုင်း မင်းနှင့် ပြည်သူများသည် ဘုရားရှင်အား ကြည်ညိုသောအားဖြင့် အတာရေမကစားမီ ရုပ်ပွားတော်မြတ်အား အမွှေးနံ့သာရည်များဖြင့် ရေစင်သွန်းလောင်း ရေသပ္ပာယ်ပူဇော်ကာ ကုသိုလ်ယူခဲ့ကြသည်ဟု မှတ်သားခဲ့ရသည်။ ထိုစဉ်မှဆက်ကာ ရခိုင်သင်္ကြန်ကာလတွင် သင်္ကြန်ရေကစားခြင်းမပြုမီ ဦးစွာပထမ ဘုရားရှင်အား ရေသပ္ပာယ်ပူဇော် ကုသိုလ်ယူခဲ့ကြကြောင်းဖြင့်လည်း သိရသည်။ သို့ဖြင့် အစဉ်အဆက်အားဖြင့် ရခိုင်သင်္ကြန်တွင် ဘုရားရေချိုးပွဲ (ရေတော်သပ္ပာယ်ခြင်း)ကို သင်္ကြန်မကျမီ အကြိုနေ့တွင် ပြုလုပ်လေ့ရှိလာကာ အစဉ်အဆက်ထိန်းသိမ်းကျင်းပလာခြင်းပင်ဖြစ်သည်။

### နံ့သာသွေးပွဲ

သင်္ကြန်ကာလတွင် သင်္ကြန်အကြိုရက်၊ သင်္ကြန်အကျရက်၊ သင်္ကြန်အကြတ်ရက်နှင့် သင်္ကြန်အတက်ရက်တို့ ရှိကြသည်။ စာရေးသူတို့ ရခိုင်ဒေသတွင်တော့ သင်္ကြန်မကျမီ သင်္ကြန်အကြိုပွဲကို တခမ်းတနားပြုလုပ်ကျင်းပလေ့ရှိကြသည်။ တစ်နည်းပြောရလျှင် နံ့သာသွေးပွဲနှင့် ဘုရားရေချိုးပွဲ (ရေသပ္ပာယ်ပွဲ)ဖြစ်သည်။ နံ့သာသွေးပွဲကို သင်္ကြန်အကြိုရက်မတိုင်မီညတွင် ပြုလုပ်လေ့ရှိကြသည်။

နံ့သာသွေးပွဲမှာ ရခိုင်တိုင်းရင်းသားတို့ အလေးအမြတ်ထားကြသည့်ပွဲလည်းဖြစ်သည်။ ကျေးလက်တောရွာများတွင် ကျေးရွာလူကြီးများ၏ အိမ်ရှေ့တလင်းမှာ၊ သို့မဟုတ် ရွာလယ်ခွဆုံရှိ မြေတလင်းပြင်မှာ အောက်လင်းဓာတ်မီးတွေထွန်းကာ တပျော်တပါးစုဝေးပြီး နံ့သာသွေးကြသည်။ သနပ်ခါးကျောက်ပျဉ်ကိုယ်စီ၊ အမွှေးနံ့သာတုံးကိုယ်စီဖြင့် ကျေးရွာမှ လုံမငယ်တို့ အလှဆုံးဖီးလိမ်းပြင်ဆင်၍ လာရောက်စုဝေးပြီး နံ့သာသွေးကြမည်။ မြို့ပြများတွင်တော့ ရပ်ကွက်အလိုက် တပျော်တပါးစုဝေးပြီး နံ့သာ သွေးတတ်ကြသည်။

နံ့သာသွေးပွဲသည် မိန်းမငယ်တို့၏ အလှကို ထုတ်ဖော်ပြသနိုင်သည့်ပွဲလည်း ဖြစ်သည်။ ယခုနောက်ပိုင်းတော့ လူငယ်အစုအဖွဲ့များကလည်း အစုအဖွဲ့အလိုက် စုရပ်ထားပြီး နံ့သာသွေးလေ့ရှိနေကြပြီ။ နံ့သာသွေးပွဲကျင်းပပြုလုပ်သည့် ညတွင် ရပ်ရွာ၊ ရပ်ကွက်အတွင်းမှ လူရွယ်လူငယ်များကလည်း အတီး၊ အမှုတ်၊ အကအခုန်များဖြင့် မြူးမြူးကြွကြွ ရှိနေတတ်ကြသည်။ သင်္ကြန်တေးသီချင်းတွေ တမြိုင်မြိုင် သီဆိုကခုန်ကြရင်း မောရပမ်းရမှန်းပင် မသိကြ။ လူငယ်များမှာ နံ့သာသွေးနေသည့် လုံမငယ် အပျိုဖြူတို့၏ အပြုံးမြမြနှင့် မျက်စောင်းတစ်ချက်အဝင့်ကိုကြည့်ရင်း ဆိုင်းချက်တီးကွက်နှင့် အညီလိုက်၍ ကခုန်ကြသည်ကလည်း အားပါးတရရှိနေကြသည်။ မောရပမ်းရကောင်းမှန်းပင် သိကြမည်မဟုတ်။ ကြည်နူး၊ ရွှင်မြူးရသည့် ညကလေးတစ်ညပင်ဖြစ်သည်။

မောင်မောင်တို့က တပျော်တပါးဖြင့် ကကြ၊ ခုန်ကြ။ သံချပ်တွေ၊ သီချင်းတွေဆိုကြ။ မမတို့ကလည်း အပြုံးမြမြဖြင့် နံ့သာသွေးကြသည်မှာ ည ၁၁ နာရီ ၁၂ နာရီတိုင်တော့သည်။ သွေးပြီးနံ့သာရည်များကို မင်းကျွန်မကြီးများ (လင်ရပြီးမိန်းမများ)က ရေဖလားကြီး၊ ငွေဖလားကြီးများဖြင့် ခံယူစုဆောင်းရယူထားကြသည်။ သွေးပြီးနံ့သာရည်များကနောက်တစ်နေ့(သင်္ကြန်အကျနေ့) ဘုရားရေချိုးရာတွင် အမွှေးနံ့သာရည်အဖြစ် အသုံးပြုရန်ဖြစ်သည်။ ဘုရားရေသပ္ပာယ်ခြင်းကို ဘုရားရေချိုး၊ ရေတော်ချိုးသည်ဟုပင် ရခိုင်တိုင်းရင်းသားတို့က လွယ်လွယ်သုံးလိုက်ခြင်းဖြစ်သည်။

### ဘုရားရေတော်ချိုး ရေသပ္ပာယ်ပွဲ

ဘုရားရေတော်ချိုး၊ ရေသပ္ပာယ်ပွဲကို သင်္ကြန်အကျနေ့တွင် မိမိတို့၏ ကိုးကွယ်ရာဘုန်းတော်ကြီးကျောင်းများသို့သွားရောက်ပြီး ကျင်းပပြုလုပ်လေ့ရှိသည်။ *စာမျက်နှာ ၂၁ သို့*



၂၀၁၉ ခုနှစ်က ရန်ကုန်မြို့၌ ကျင်းပသော ရခိုင်သင်္ကြန်ပွဲ၌ ရေကစားနေကြသူများ။

# မဟာသင်္ကြန် အကြတ်နေ့တွင် ကျိုက္ခမီရေလယ်ဘုရားကြီး၌ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

**သံဖြူဇရပ် ဧပြီ ၁၅**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ ကျိုက္ခမီရေလယ်ဘုရားကြီး၌ မဟာသင်္ကြန်အကြတ်နေ့တွင် နံနက်ပိုင်းမှ စတင်၍ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူးလာ ပြည်သူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလတွင် ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ် ဆံတော်ရှင် မြတ်ဘုရားကြီးသို့ လာရောက်ဖူးမြော်ကြခြင်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများနှင့် ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူးလာပြည်သူများမှ စိတ်အေးချမ်းစွာဖြင့် ဘုရားဖူးနိုင်အောင် တာဝန်ရှိသူများမှလည်း ပူးပေါင်းဆောင်ရွက်ပေးထားပြီး ကျိုက္ခမီမြို့ ပြည်သူများမှလည်း ဘုရားဖူးလာပြည်သူများအား စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



# ဖြူးမြို့နယ် ဖြူးချောင်းဆည်ရေပိုလွှဲ၌ သင်္ကြန်ရေကစားသူများ စည်ကားလျက်ရှိ

**ဖြူး ဧပြီ ၁၅**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မဟာသင်္ကြန် ပွဲတော်ကာလအတွင်း ဖြူးချောင်းဆည်သို့ သွားရောက်၍ ရေပိုလွှဲအတွင်း ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

ဖြူးမြို့နယ် အတွင်းရှိ ဖြူးချောင်းဆည်သည် အပန်းဖြေစရာနေရာတစ်ခု မဟုတ်သော်လည်း ယခုကဲ့သို့ သင်္ကြန်ကာလတွင် ရေကစားသူများ များပြားပြီး အဆိုပါ ရေကစားသူများအား အမှီပြု၍ ဈေးဆိုင်တဲထိုးကာ အဆာပြေစားစရာများ၊ အအေးနှင့် အဖျော်ယမကာများ ရောင်းချခြင်း၊ ထို့အပြင် ဘောကွင်းများ စီစဉ်ငှားရမ်း ပေးခြင်းများဖြင့် ဝင်ငွေရရှိနေကြောင်း ဒေသခံဈေးရောင်းချသူများထံမှ သိရသည်။



ဖြူးချောင်းဆည်သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၁၁၅) မိုင် အနောက်ဘက် ၅ မိုင်အကွာအဝေးတွင်တည်ရှိပြီး ဖြူးဒေသအနေဖြင့် အခြားအားလပ်ရက်များတွင် ရေချိုးခြင်း ရေကစားခြင်း အပန်းဖြေခြင်းများအနေဖြင့် သွားရောက်လျက်ရှိပြီး သင်္ကြန်ပွဲတော် ကာလအတွင်း ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ကားများဖြင့် နှစ်ဆန်း ၁ ရက်နေ့အထိ သွားရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကျောက်ကြီးမြို့၌ သင်္ကြန်(အကြတ်နေ့)တွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာရေကစား

**ကျောက်ကြီး ဧပြီ ၁၅**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲ(အကြတ်နေ့) ယနေ့ နံနက်ပိုင်းတွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာရေကစားလျက်ရှိကြောင်း သိရသည်။

ကျောက်ကြီးမြို့ ဆားတန်းရပ်ကွက်ရှိ လမ်းလျှောက်သင်္ကြန် မဏ္ဍပ်တွင် ဌာနဆိုင်ရာများနှင့်မိသားစုဝင်များ၊ ပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားနိုင်ရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ စီမံပေးထားပြီး မြို့ပေါ်ရပ်ကွက်များတွင်လည်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်း၊ စတုဒိသာများ ကျွေးမွေးဧည့်ခံပေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ယနေ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲ(အကြတ်နေ့) မြို့နယ်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များက မုန့်လက်ဆောင်း၊ အချိုရည်များနှင့် စတုဒိသာကျွေးမွေးဧည့်ခံပေးခြင်းနှင့် နှစ်သစ်ကူးအတာသင်္ကြန်ရေများ ပက်ဖျန်းခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ**
**ဆက်လက် ဆောင်ရွက်စို့**

*စာမျက်နှာ ၂၀ မှ*
အကြိုညက သွေးယူထားသော နံ့သာရည်များကို နံ့သာခွက်ကလေးများတွင်ထည့်၍ မိန်းမရွယ်ငယ်များကကိုယ်စီကိုင်၍ စီတန်းလျှောက်လှမ်းလိုက်ပါကြမည်။ မိန်းမကြီး၊ မိန်းမလတ်၊ မင်းကျွန်မများက ဆွမ်းအုပ်များကိုယ်စီ ခေါင်းတွင် ပင့်ချီရင်းလိုက်ပါစီတန်း လျှောက်လှမ်းလိုက်ပါကြမည်။ ဘုန်းတော်ကြီးကျောင်းသို့အသွား စီတန်းလှည့်လည်ရာ ရှေ့ဆုံးမှသက်ကြီးများ၊ မင်းကျွန်များ (မိန်းမရပြီးအသက် ၃၀ ကျော် ၄၅ နှစ်အရွယ်လူကြီးများ)က အလှူပစ္စည်းများ၊ တံခွန်၊ ကုက္ကားများကိုကိုင်၍ လျှောက်လှမ်းလိုက်ပါကြမည်။

နောက်ဆုံးမှ ကာလသား လူငယ်များက ပဒေသာပင်ကိုကိုင် ချီရွက်ထမ်းကာ တီးဝိုင်းနှင့် အကနှင့် မရိုးအီသောရခိုင်သင်္ကြန်သီချင်းများ၊ သံချပ်များကို ဆိုတီးကခုန်လိုက်ပါကြမည်။ လူငယ်လူရွယ်များအဖို့ အတက်ကြွဆုံး၊ အမြူးကြွဆုံး၊ အပျော်ဆုံးကာလလေးတစ်ခုဖြစ်သည်။ သင်္ကြန်တွင် ကကြသည့် အကကား ယိမ်းနွဲ့ပျော့ပျောင်း၍ ကကြရသောကဟန်တစ်ခုတော့မဟုတ်။ လက်နှစ်ဖက်ကိုအပေါ် မြှောက်ထားပြီး ခန္ဓာကိုယ်အား ဘယ်နွဲ့၊ ညာနွဲ့ဖြင့် စည်းချက်နှင့်အညီ ကခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးဟန်ချက်ညီချင်မှညီမည်။

ရွာဘုန်းတော်ကြီးကျောင်းကို ရောက်တော့ ကျောင်းကိုလက်ယာရစ် သုံးပတ် သို့မဟုတ် ခုနစ်ပတ်လှည့်ပတ်၍ ပူဇော်ကြမည်။ပြီးတော့ ကျောင်းထိုင်ဆရာတော်ကြီးထံတွင် လှူဖွယ်ပစ္စည်းများဆက်ကပ်ကြ၊ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကျောင်းဆောင်တစ်ခုလုံးလား လှဲကျင်းသန့်စင်ကြမည်။ ကျောင်းခြံဝိုင်းရှိ ချုံနွယ်အမှိုက်သရိုက်များကို ရှင်းလင်းကြမည်။ ကျောင်း ဘုရားခန်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ရေချိုးသပ္ပာယ်ပေးကြမည်။ ရောင်တော်ဖွင့် ပူဇော်ကြမည်။ မိန်းမပျိုများက ရေတွင်းမှ ရေကိုခပ်ယူ၊ သယ်ယူပေးကြ၊ ယောကျ်ားလူငယ်များက ဆေးကြော သန့်စင်ပေးကြမည်။ ပါလာသောဆွမ်းအုပ်များဖြင့် ဆွမ်းပြင်ဆင်ပြီး ဆရာတော်များအား ဆက်ကပ်ကာ ပါလာသူများက ဆွမ်းကျန်များကို တပျော်တပါး ဝိုင်းဖွဲ့စားသောက်ကြရသည်မှာလည်း မေ့နိုင်စရာမရှိ။

**ရေကစားခြင်း**

ရခိုင်ဒေသတွင် ရေကစားခြင်းမှာ ရေလောင်းမဏ္ဍပ်ကြီးကြီးတွင် လောင်းလှေကြီးတစ်စင်းကိုထားရှိပြီး ရေ အပြည့်ဖြည့်ပေးထားကာ ရခိုင်ပျိုမယ်များကမဏ္ဍပ်တွင်းမှနေ၍ ရေပက်လာသူများအားစောင့်ကြိုရေကစားခြင်း ဖြစ်သည်။ မဏ္ဍပ်တွင်းမှစောင့်ကြိုနေသည့် မိန်းမပျိုများအနက် မိမိနှစ်သက်ရာ မိန်းမပျိုထံမှရေတောင်းယူကာ မျက်နှာချင်းဆိုင်၍ နှစ်ယောက်သား ရေပက်ကစားနိုင်ကြသည်။ အလုအယက် ရေပက်ကြခြင်းမရှိကြ။ မြင်ရသည့်မြင်ကွင်းမှာ ချစ်ကြည်နူးဖွယ်ရာလည်းဖြစ်သည်။

သင်္ကြန်အတက်နေ့တွင် နေ့နံအလိုက် အတာစားရမည့် နေ့ရက်မွေးဖွားသူများက အတာတက်အိုးများကိုဆောင်ယူ၍ ဘုရား၊ စေတီများရှိ မိမိနေ့နံသင့်ရာအရပ်တွင်သွားရောက်ကာ ဆီမီးနံ့သာများ ထွန်းညှိပူဇော်လေ့ရှိကြသည်။ ထို့အတူသင်္ကြန်အတက်နေ့တွင် သင်္ကြန်အတာစား မုန့်ပဲသရေစာများကို ပြုလုပ်၍ ဘုရားဆွမ်းတော်ကပ်ခြင်း၊ ကျောင်းကန်များသို့ ပေးပို့ဆက်ကပ်လှူဒါန်းခြင်း၊ မိမိပတ်ဝန်းကျင်အိမ်နီးနားချင်းများအား ပေးကမ်းဝေငှခြင်းဖြင့် ကုသိုလ်ယူလေ့ရှိကြသည်။

နှစ်ဆန်း ၁ ရက်နေ့တွင် သက်ရှိသတ္တဝါများအား ဘေးမဲ့လွှတ်ခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ လက်သည်းခြေသည်းများ ညှပ်ပေးခြင်း စသည့်သန့်ရှင်းမှုများကို ပြုလုပ်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်လေ့ရှိကြသည်။ ထို့အတူ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်းများဖြင့် ကုသိုလ်ယူလေ့ရှိတတ်ကြပြီး ကျေးရွာ၊ ရပ်ကွက်၊ မြို့များတွင် ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ နိုင်ငံသူနိုင်ငံသား၊ ပြည်သူပြည်သားများ ဘေးအန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ကမ္မဝါစာများရွတ်ဖတ်ခြင်း၊ မေတ္တာပို့ အမျှအတန်းပေးဝေခြင်းများ ပြုလုပ်လေ့ရှိကြသည်။

သင်္ကြန်အကြိုရက်၊ သင်္ကြန်အကျရက်၊ သင်္ကြန်အကြတ်ရက်၊ သင်္ကြန်အတက်ရက်နှင့် နှစ်ဆန်း ၁ ရက်နေ့များကို သင်္ကြန်ကာလဟု သတ်မှတ်ထားကြသည်။ စာရေးသူတို့ ရခိုင်ဒေသတွင် သင်္ကြန်အကြိုနေ့မတိုင်မီ ညပိုင်းတွင် နံ့သာသွေးပွဲကို ပျော်ပျော်ပါးပါးဆင်နွှဲကြပြီး သင်္ကြန်ကို ကြိုကြသည်။သင်္ကြန်အကြိုနေ့တွင် ဘုရားကျောင်းကန်များသို့ သွားရောက်ပြီး ကျောင်းကန်များကို လှဲကျင်း သန့်စင်ပြီး ဗုဒ္ဓဆင်းတုတော်များကို ရေချိုး၊ ရေသပ္ပာယ်ပူဇော်ပြီးမှ သင်္ကြန်ကျသည်။ သင်္ကြန် ရေကစားခြင်းကို လူငယ်များက နှစ်ဆန်း ၁ ရက် နေ့အထိ ကစားလေ့ရှိပြီး အဆိုပါနေ့တွင် သက်ကြီး ရွယ်အိုများအား ပူဇော်ကန်တော့ခြင်းမှာ အစဉ်အလာ တစ်ခုပင်ဖြစ်သည်။

စာရေးသူကတော့ ငယ်စဉ်ကာလ၊ အရွယ်နုပျိုစဉ်တုန်းက တွေ့ကြုံ ခံစားခဲ့ရသည့် သင်္ကြန်အကြိုကာလ နံ့သာသွေးပွဲပုံရိပ်ကို ခံစားပုံဖော်ဖြစ်နေမိသည်။အဝေးမှလွင့်ပျံလာသောသင်္ကြန်တေးသံများကို နားစွင့်ရင်း ငယ်မူငယ်သွေး၊ ငယ်စိတ်တို့ဖြစ်ပေါ်လာပြီး နုပျိုလန်းဆန်းသလိုပင် ခံစားရသည်။ သင်္ကြန်နှင့်အတူ အားသစ်အင်သစ်တို့ စီးမျောဝင်လာသည်။ သင်္ကြန်အကြိုပွဲနှင့်အတူ စာရေးသူသည် နှစ်တစ်နှစ်၏ အစကို လှမ်းလင့်ကြိုဆိုဖြစ်နေမိသည်။ ။

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၃၁) မှာ တန်းဆင်းဇုန် ဖိအားရှိနေတဲ့ ဝက်စ်ဟမ်းက ဦးဆောင်သူ အာဆင်နယ်၊ နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ နော်တင်ဟမ်က မန်ယူ၊ ဥရောပဝင်ခွင့်တစ်နေရာရရှိရေး ရမှတ်လိုအပ်ချက်ရှိနေတဲ့ လီဗာပူးက တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှုနှစ်မှတ်သာရှိတဲ့ လိဒ်စ်နဲ့ တွေ့ဆုံနေပါတယ်။

| ပရီမီယာလိဂ် ပွဲစဉ် (၃၁) | |
| --- | --- |
| ၁၆-၄-၂၀၂၃ | တနင်္ဂနွေနေ့ |
| ဝက်စ်ဟမ်း - အာဆင်နယ် | ည ၇:၃၀ |
| နော်တင်ဟမ် - မန်ယူ | ည ၁၀:၀၀ |
| ၁၇-၄-၂၀၂၃ | တနင်္လာနေ့ |
| လိဒ်စ် - လီဗာပူး | နံနက် ၁:၃၀ |

**ဂိုးအများဆုံး သွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
| --- | --- | --- |
| ဟာလန်း | မန်စီးတီး | ၃၀ |
| ဟယ်ရီကိန်း | စပါး | ၂၃ |
| အီဗန်တိုနေး | ဘရန့်ဖို့ဒ် | ၁၈ |
| ရက်ဖို့ဒ် | မန်ယူ | ၁၅ |

# ခြေစွမ်းထက်တဲ့ မန်ယူကို တန်းဆင်းဇုန်က နော်တင်ဟမ် ကျော်ဖြတ်ဖို့ ခက်မယ်



## ဝက်စ်ဟမ်း VS အာဆင်နယ်

**နောက်ဆုံးတွေ့ဆုံမှု** အာဆင်နယ် ၃-၁ ဝက်စ်ဟမ်း

တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းတာကြောင့် ဝက်စ်ဟမ်းအသင်း ခြေကုန်ထုတ်လာမှာပါ။ ဦးဆောင်သူ အာဆင်နယ်ကလည်း အမှတ်ပေးဇယားကို ပြတ်သားနဲ့ရလဒ်နဲ့ ဦးဆောင်ဖို့ ကြိုးစားလာမှာပါ။

## လိဒ်စ် VS လီဗာပူး

**နောက်ဆုံးတွေ့ဆုံမှု** လီဗာပူး ၁-၂ လိဒ်စ်

လီဗာပူးအနေနဲ့ ဥရောပဝင်ခွင့်တစ်နေရာရရှိဖို့ အမှားခံလို့ မရတော့တာကြောင့် လိဒ်စ်ကို နိုင်ပွဲရရှိရေး ဦးတည်လာမှာ သေချာတယ်။ လိဒ်စ်က ဒီရာသီမှာ ခံစစ်အဆိုးရွားဆုံးအသင်းထဲမှာပါတယ်။ နောက်ဆုံး လိဂ်လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ လီဗာပူးနိုင်မယ်။

## နော်တင်ဟမ် VS မန်ယူ

**နောက်ဆုံးတွေ့ဆုံမှု** မန်ယူ ၂-၀ နော်တင်ဟမ်

နော်တင်ဟမ်က တန်းဆင်းဇုန်အတွင်း ကျရောက်နေတာကြောင့် မဖြစ်မနေ နိုင်ပွဲရဖို့ လိုအပ်နေတယ်။ မန်ယူကလည်း အဆင့် (၄) အတွင်း ဆက်လက်ရပ်တည်နိုင်ဖို့ ရမှတ်လိုအပ်ချက်ရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး တိုက်စစ်ထက်မြက်တဲ့ မန်ယူနိုင်ဖွယ်ရှိတယ်။

**နောက်ဆုံးငါးပွဲရလဒ်**

| FOREST | MANCHESTER UNITED |
| --- | --- |
| စပါး ၃-၁ နော်တင်ဟမ် | မန်ယူ ၃-၁ ဖူလ်ဟမ် |
| နော်တင်ဟမ် ၁-၂ နယူးကာဆယ် | ကာဆယ် ၂-၀ မန်ယူ |
| နော်တင်ဟမ် ၁-၁ ဝုဖ် | မန်ယူ ၁-၀ ဘရန့်ဖို့ဒ် |
| လိဒ်စ် ၂-၁ နော်တင်ဟမ် | မန်ယူ ၂-၀ အဲဗာတန် |
| ဗီလာ ၂-၀ နော်တင်ဟမ် | မန်ယူ ၂-၀ ဆီဗီလာ |



## ဘာစီလိုနာအိုးပင်းပြိုင်ပွဲမှ နာမည်ကြီး နာဒယ် နုတ်ထွက်

နာမည်ကျော် တင်းနစ်ကစားသမား နာဒယ်သည် ဒဏ်ရာကြောင့် ဘာစီလိုနာအိုးပင်းပြိုင်ပွဲမှ နုတ်ထွက်သွားပြီ ဖြစ်သည်။ အသက် ၃၆ နှစ်အရွယ် နာဒယ်သည် ဇန်နဝါရီတွင် ဩစတြေးလျအိုးပင်း၌ ဒဏ်ရာရရှိပြီးနောက် ကြံ့ခိုင်မှုပြည့်ဝရန် ရုန်းကန်နေရသူ ဖြစ်သည်။ မေလတွင် ကျင်းပမည့် ပြင်သစ်အိုးပင်း ပြိုင်ပွဲကိုလည်း လွဲချော်ဖွယ်ရှိသည်။

## ဒဏ်ရာကြောင့် ရာသီကုန်အထိ မာတီနက်ဇ် အနားယူရဖွယ်ရှိ

မန်ယူအသင်းမှ အားထားရသည့် ဗဟိုခံစစ်ကစားသမားတစ်ဦးဖြစ်သူ လီဆန်ဒရို မာတီနက်ဇ်သည် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် မာတီနက်ဇ်သည် ကြာသပတေးနေ့က ဆီဗီလာကို သရေကျခဲ့သော ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် မာတီနက်ဇ်၏ အသင်းဖော် ရာဖေးဗာရာနီသည်လည်း ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိနေကြောင်း သိရသည်။



မာတီနက်ဇ်သည် ဇူလိုင်တွင် အိုင်းယက်စ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်ပြီး ပရီမီယာလိဂ်တွင် ၂၇ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသည်။

## ကိန်းကို ခေါ်ယူရေး ဘိုင်ယန်ထက် မန်ယူနီးစပ်

ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်သည် စပါးမှ ၂၉ နှစ်အရွယ် ဟယ်ရီကိန်းကို ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ကစားသမားကိုယ်တိုင်က ပရီမီယာလိဂ်တွင် ဆက်လက်နေလိုသည့်အတွက် မန်ယူအသင်းက လက်ဦးမှုရယူဖွယ်ရှိနေသည်။

ကိန်းနှင့် စပါးအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ်ကျော်ကျန်ရှိနေသေးပြီး ပရီမီယာလိဂ်တွင် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်ရန် ရည်မှန်းနေသည်။

| ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒု-ကျော့ | |
| --- | --- |
| ၁၉-၄-၂၀၂၃ | နံနက် ၁ နာရီခွဲ |
| ချယ်ဆီး - ရီးရဲမက်ဒရစ် | |
| နာပိုလီ - အေစီမီလန် | |
| ၂၀-၄-၂၀၂၃ | နံနက် ၁ နာရီခွဲ |
| အင်တာမီလန် - ဘင်ဖီကာ | |
| ဘိုင်ယန်မြူးနစ် - မန်စီးတီး | |

ဧပြီ ၁၉ ရက်နဲ့ ၂၀ ရက် နံနက်ပိုင်းမှာ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

# ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

## ချယ်ဆီး VS ရီးရဲမက်ဒရစ်

**ပထမအကျော့ရလဒ်** ရီးရဲမက်ဒရစ် ၂-၀ ချယ်ဆီး

ပထမအကျော့ ဘာနေဗျူးကွင်းမှာ ရီးရဲမက်ဒရစ်က ဂိုးကန်သွင်းခွင့်အသာ၊ ခြေအသာနဲ့ ဂိုးပြတ်အနိုင်ယူထားတယ်။ ဒုတိယအကျော့ စတန်းဖို့ဒ်ဘရစ်မှာ ရီးရဲမက်ဒရစ်ကို နိုင်ဖွယ်ရာရှိပေမယ့် နောက်တစ်ဆင့်ကို ရီးရဲမက်ဒရစ် တက်လှမ်းဖွယ်ရှိတယ်။

## နာပိုလီ VS အေစီမီလန်

**ပထမအကျော့ရလဒ်** အေစီမီလန် ၁-၀ နာပိုလီ

ပြတ်သားတဲ့ ရလဒ်ထွက်ပေါ်ထားခြင်း မရှိတာကြောင့် ယခုဒုတိယအကျော့ပွဲစဉ်က ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာတယ်။ ပထမအကျော့မှာ နာပိုလီအသင်းက ခြေစွမ်းသာလွန်မှုရှိတယ်ဆိုပေမယ့် အဆုံးသတ်ပိုင်း အားနည်းမှုရှိတာ တွေ့ရတယ်။

## အင်တာမီလန် VS ဘင်ဖီကာ

**ပထမအကျော့ရလဒ်** အင်တာမီလန် ၂-၀ ဘင်ဖီကာ

အင်တာမီလန်က နှစ်ဂိုးပြတ် အနိုင်ရရှိထားတယ်ဆိုပေမယ့် ဒုတိယအကျော့မှာ ဘင်ဖီကာအသင်းအနေနဲ့ ရရှိလာမယ့် အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ရင် နောက်တစ်ဆင့်တက်လှမ်းသွားဖွယ်ရှိတယ်။

## ဘိုင်ယန်မြူးနစ် VS မန်စီးတီး

**ပထမအကျော့ရလဒ်** မန်စီးတီး ၃-၀ ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်အသင်းအိမ်ကွင်းမှာ မန်စီးတီးအသင်းကို အရေးနိမ့်ဖွယ်ရှိပေမယ့် ပထမအကျော့မှာ တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ်အနိုင်ရရှိထားတဲ့ မန်စီးတီးအသင်း နောက်တစ်ဆင့် တက်လှမ်းသွားနိုင်မယ်။

| ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒု-ကျော့ |
| --- |
| ၂၁-၄-၂၀၂၃ နံနက် ၁ နာရီခွဲ |
| ဆီဗီလာ - မန်ယူ |
| စပို့တင်း - ဂျူဗင်တပ်စ် |
| ယူနီယံအက်စ်ဂျီ - လေဗာကူဆင် |
| ရိုးမား - ဖီယင်နု |

## နောက်ဆုံးရ အားကစားသတင်းတိုများ

- မန်စီးတီးအသင်းခေါင်းဆောင် ဂျာမနီကွင်းလယ်ကစားသမား ဂန်ဒိုဂန် (၃၂ နှစ်) ကို ခေါ်ယူရန် ဘာစီလိုနာအသင်း သဘောတူညီမှု ရရှိရန် နီးစပ်နေသည်။
- လီဗာပူး၊ ချယ်ဆီးနှင့် မန်ယူအသင်းတို့သည် ဘရိုက်တန်အသင်းမှ မက်အစ္စတာကို ခေါ်ယူလိုနေသည်။

■ မိုးဇက် - စုစည်းသည်

# ကယားပြည်နယ်ဝန်ကြီးချုပ် ထိခိုက်ဒဏ်ရာရရှိသော ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်

**လွိုင်ကော် မေ ၁၅**

၁၃၈၅ ခု၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် (သင်္ကြန် အကြတ်နေ့) နံနက်ပိုင်းတွင် နောင်ယား(ခ) ရပ်ကွက်ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် ကျင်းပနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ဖြင့် ယုတ်မာရက်စက်စွာ ပစ်ချတိုက်ခိုက်သဖြင့် အပြစ်မဲ့ပြည်သူအများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများ သည် လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူလျက်ရှိသည့် ထိခိုက်ဒဏ်ရာရ ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် သင်္ကြန်ပွဲတော်အကြတ်နေ့ရေကစားသူများကို ကြည့်ရှုအားပေး

**ပုသိမ် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် ကမ်းနားလမ်း တစ်လျှောက်ရှိ လမ်းလျှောက် သင်္ကြန်အပါအဝင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ မဏ္ဍပ် ၁၀ ခု၌ ရေပက်ခံထွက်သူ၊ လာရောက်ရေကစားသူများဖြင့် ယနေ့တွင် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများက ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်များသို့ သွားရောက်၍ ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေးခဲ့သည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဖျော်ဖြေရေး သင်္ကြန်မဏ္ဍပ်သို့ သွားရောက်၍ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၏ နိဗ္ဗာန်ဈေး၊ စေတနာဒိသာ မဏ္ဍပ်မှ တည်ခင်းဧည့်ခံထားသော စားသောက်ဖွယ်ရာများအား သုံးဆောင်ချီးမြှင့်အားပေးခဲ့ပြီး ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးတို့က ဖျော်ဖြေရေး ယိမ်းအဖွဲ့များနှင့် နဒီရောတေးဂီတအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ်းနားလမ်းရှုခင်းသာရင်ပြင်ရှိ ဗဟိုမဏ္ဍပ်သို့ သွားရောက်၍ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုငြိမ်းချမ်းရေး ဂီတပွဲတော် အဆိုတော် ဇင်သူဇာထွန်း၊၂၀၂၂ ခုနှစ် စိန်ရတုပြည်ထောင်စုနေ့ "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" Winner ဆုရှင် ဇင်သူသူထွန်း၊ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ စန္ဒရားအတီး ရွှေတံဆိပ်ဆုရှင် မောင်ဝေယံလမင်း၊ တိုင်းဒေသကြီး အဆင့် ဆို၊ က၊ ရေး၊ အတီး အကပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ခင်လပြည့်ဝန်းနှင့် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ ပုသိမ်မြို့ခံ ယိမ်းအဖွဲ့များနှင့် မြောင်းမြခရိုင်မှ လာရောက်ဖျော်ဖြေသည့် ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကမ်းနားလမ်းရှိ လမ်းလျှောက် သင်္ကြန်ပွဲတော်တွင် ပြည်သူများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ ပါဝင်ဆင်နွှဲခဲ့ပြီး ရေကစားသူ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။ (ဝဲပုံ)ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ပျော်ရွှင်စွာ သင်္ကြန်ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သင်္ကြန်မဏ္ဍပ်များ ရေကစားနေမှုအား ကြည့်ရှုအားပေး

**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့ ကမ်းနားလမ်းရှိ သင်္ကြန်မဏ္ဍပ်များတွင် အေးချမ်းပျော်ရွှင်စွာ ကျင်းပလျက်ရှိရာ မဟာသင်္ကြန် အကြတ်နေ့ ယနေ့နံနက် ၈ နာရီတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်း၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် စိုးတင်လတ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ရေသဘင်မဏ္ဍပ်များတွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် မိသားစုရေသဘင်မဏ္ဍပ်သို့ ရောက်ရှိပြီး သင်္ကြန်ယိမ်းအဖွဲ့များ၏ ကပြ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ်းနားလမ်းရှိ ဝန်ကြီးဌာန အသီးသီးအလိုက် ရေကစားမဏ္ဍပ်များသို့ ရောက်ရှိခဲ့ပြီး ဌာနများမှ ယိမ်းအဖွဲ့များကို ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲကို မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနမဏ္ဍပ်ငါးခု စုစုပေါင်း မဏ္ဍပ်ခြောက်ခုတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကာ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနအလိုက် ဧည့်ခံဖျော်ဖြေရေး မဏ္ဍပ်များ၌ ယိမ်းအက အလှအဖွဲ့ ၂၅ ဖွဲ့က ယှဉ်ပြိုင်ကပြ ဖျော်ဖြေလျက်ရှိသည့်အပြင် ဗဟိုမဏ္ဍပ်နှင့်ရေကစားမဏ္ဍပ်များသို့ လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များ၊ ရေကစားလာ ပြည်သူများနှင့် ဖျော်ဖြေရေး ယိမ်းအဖွဲ့များအား သင်္ကြန်ဖြစ်မြောက်ရေး ကော်မတီနှင့် အလှူရှင်များက စေတနာဒိသာများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။ **ကိုစည်သူ(မကွေး)**





# မွန်ပြည်နယ် ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ်၏ ထင်ရှားသည့် ဧည့်သည်ခေါ် ဘုရားပွဲတော်သို့ လာရောက်ကြည့်ရှု

**ချောင်းဆုံ မေ ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၏ ထင်ရှားလှသည့် ဧည့်သည်ခေါ် ဘုရားပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နှစ်သစ်ကူးအတာသင်္ကြန်ကာလ သင်္ကြန်အကြတ်နေ့ ချောင်းဆုံဘုရားပွဲတော်သို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချောင်းဆုံမြို့နယ် ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအဖွဲ့များ၏ အကအလှဖျော်ဖြေနေမှုများကို ကြည့်ရှုကာ ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ပြီး **(အပေါ်ပုံ)** ဘုရားပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်ကြသူများနှင့် ရေကစားကြသူများကို မြို့အနှံ့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ချောင်းဆုံမြို့နယ်တွင် နှစ်သစ်ကူးသင်္ကြန်ကာလ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ သက်ကြီးရွယ်အိုပူဇော်ပွဲများ ပြုလုပ်ခြင်း၊ စေတနာဒိသာမဏ္ဍပ်များနှင့် ရက်အလိုက် ဧည့်သည်ခေါ်ဘုရားပွဲတော်များကိုလည်း ရိုးရာအစဉ်အလာများအတိုင်း ကျင်းပခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **မင်းဇေ(ချောင်းဆုံ)**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# လွိုင်ကော်မြို့နှင့် အရာတော်မြို့နယ်တို့ရှိ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာရေကစားနေကြသည့် ကလေးသူငယ်များနှင့် ပြည်သူများအကြားသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်၊ ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် ဧပြီ ၁၅

**ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးဗဟိုမဏ္ဍပ်၌ ယနေ့နံနက်ပိုင်းတွင် မဟာသင်္ကြန် အကြတ်နေ့ကို ကလေးသူငယ်များအပါအဝင် ပြည်သူများ ပျော်ရွှင်စွာရေကစားနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ဖြင့် ယုတ်မာရက်စက်စွာ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။**

**ဒဏ်ရာရရှိ**

ဖြစ်စဉ်မှာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ ဖြစ်သည့် ယနေ့တွင် ပြည်နယ် အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်၌ ကလေးငယ်များအပါအဝင် ပြည်သူများ ရေကစားနေစဉ် နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်တစ်စင်းဖြင့် Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး၊ စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

**ဆေးကုသခံယူ**


အထက်ပါဖြစ်စဉ်မှ ထိခိုက် ဒဏ်ရာရရှိသူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှု ခံယူစေလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေး စကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ငွေတွင်းကျေးရွာရှိ ဓမ္မာရုံ၌ ကလေးသူငယ်များ အပါအဝင် ကျေးရွာသူ ကျေးရွာသားများက မဟာသင်္ကြန် အကြတ်နေ့၌ ပျော်ရွှင်စွာ ရေကစားနေကြစဉ် ယနေ့ညနေ ၅ နာရီ မိနစ် ၃၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်တစ်စင်းဖြင့် Drop Bomb နှစ်လုံး ပစ်ချ

*စာမျက်နှာ ၂၅ သို့*



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ဒဏ်ရာရလူနာများအား တွေ့ဆုံအားပေးပြောကြားစဉ်။




ကယားပြည်နယ်အစိုးရအဖွဲ့ရုံးဗဟိုမဏ္ဍပ်သို့ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။



ကယားပြည်နယ်အစိုးရအဖွဲ့ရုံး မြန်မာ့ရိုးရာအတာသင်္ကြန်ဗဟိုမဏ္ဍပ် ဗုံးသီးကျရောက်ပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။





## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၃/၂၀၂၃)

၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက် ၊ စနေနေ့

၁။ ဧပြီလ (၁၅) ရက်နေ့ နံနက် (၉)နာရီ (၃၀) မိနစ်ခန့်က ကယားပြည်နယ် ဗဟိုမဏ္ဍပ်အား မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb တစ်လုံးအသုံးပြုကာ ယုတ်မာရက်စက်စွာ နှောင့်ယှက်ဖျက်ဆီး တိုက်ခိုက်ခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူပျော်ရွှင်စွာ ရေကစားနေသည့်မဏ္ဍပ်အား ရည်ရွယ်ချက်ရှိရှိဖြင့် ပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန်နှင့် အုပ်ချုပ်ရေးယန္တရားအား ပျက်စီးစေရန် လုပ်ဆောင်ခဲ့ကြောင်း ပေါ်လွင်ခဲ့ပြီး အပြစ်မဲ့ပြည်သူ (၂၈) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော ပြည်သူများ၏ ပျော်ရွှင်စွာရေကစားနေသော မဏ္ဍပ်နေရာကို ပစ်ခတ်ဖျက်ဆီးခဲ့သည့် လုပ်ရပ်သည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် နှစ်သစ်ကူးအတာသင်္ကြန်ကို ရုပ်ဆိုးအကျည်းတန်စေရန် ရည်ရွယ်လုပ်ဆောင်ကြောင်း ထင်ရှားသဖြင့် အဆိုပါ အကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်သည့် ယနေ့နံနက် ၉ နာရီ ၃၀ မိနစ်ခန့်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးဗဟိုမဏ္ဍပ်၌ ကလေးငယ်များ အပါအဝင် ပြည်သူများ ရေကစားနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက Drone တစ်စီးဖြင့် Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ဦး၊ စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်လုပ်ရပ်များအား လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်

၁။ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်သည့် ယနေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိပြည်နယ်အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်၌ ကလေးသူငယ်များအပါအဝင် ပြည်သူများ ရေကစားနေစဉ် နံနက် ၉ နာရီ ၃၀ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး၊ စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းသိရသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သောနေရာများသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ကလေးသူငယ်များနှင့် အပြစ်မဲ့ပြည်သူများ ရေကစားနေသည့်နေရာသို့ Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခြင်းအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**




စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ငွေတွင်းကျေးရွာရှိ ကျေးရွာသူ/သားများ ရေကစားသည့်နေရာသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် တိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ။

*စာမျက်နှာ ၂၄ မှ*

တိုက်ခိုက်ခဲ့ရာ ကလေးငယ် သုံးဦးအပါအဝင် အပြစ်မဲ့ကျေးရွာသူကျေးရွာသား ၁၃ ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါလူနာများအား အရာတော်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

**အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်**

ယခုကဲ့သို့ကလေးသူငယ်များနှင့် အပြစ်မဲ့ပြည်သူများ ရေကစားနေသည့်နေရာအား ရည်ရွယ်ချက်ရှိရှိဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကယားပြည်နယ်အစိုးရအဖွဲ့ရုံး မြန်မာ့ရိုးရာအတာသင်္ကြန် ဗဟိုမဏ္ဍပ် ဗုံးသီးကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရလူနာများ မှတ်တမ်းဓာတ်ပုံ။

## တိုက်ကြီးမြို့နယ်၌ ဆိုင်ကယ်က မော်တော်ယာဉ်ကို တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံး

နေပြည်တော် ဧပြီ ၁၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဧပြီ ၁၄ ရက်က ဆိုင်ကယ်က မော်တော်ယာဉ်ကို တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာနေ အောင်ဇော်မြင့် (၄၄) နှစ်သည် ရင်းတိုင်ကွင်းကျေးရွာအနီးရှိ ခေတ်ဇုန်စားသောက်ဆိုင်မှ ဆိုင်ကယ်ကို ရန်ကုန် -ပြည် ကားလမ်းပေါ်သို့ မောင်းထွက်စဉ် အဆိုပါလမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ လောက်လေးချောင်းကျေးရွာနေ ကျော်မျိုးဝင်း (၃၉)နှစ် မောင်းနှင်လာသည့် 5G-xxxx SKAT Truck မော်တော်ယာဉ်ကို ဝင်တိုက်မိသဖြင့် အောင်ဇော်မြင့်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် အောင်ဇော်မြင့်အား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၁၅

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ညောင်ပင်ကိုင်းကျေးရွာနေ မြင့်ဇော်သည် ၎င်းအသုံးပြုသည့် "Myint Zaw" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာရပ်ကွက်နေ စည်သူအောင်သည် ၎င်းအသုံးပြုသည့် "Si Thu Aung" Facebook အကောင့်၊ အင်းတကော်မြို့နယ် ရွာတော်ကုန်းကျေးရွာနေ ရှိုင်းလင်းထက်သည် ၎င်းအသုံးပြုသည့် "Shine Lin Htet" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နေသူများဖြစ်ကြသည့် ချစ်ကို(ခ)ခန့်ကို၊ ပြည့်ဖြိုးအောင်နှင့် အောင်အောင်တို့သည် ၎င်းတို့အသုံးပြုသည့် "Khant Ko" Facebook အကောင့်၊ "Pyae Phyo Aung" Facebook အကောင့်နှင့် "Aung Aung" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တွန်းဇံမြို့၌ ဗဟိုမဏ္ဍပ်ရေသဘင်ပွဲ ကျင်းပ

**တွန်းဇံ ဧပြီ ၁၅**

ချင်းပြည်နယ် တွန်းဇံမြို့၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ရေသဘင်ပွဲတော်အခမ်းအနားကို ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေနေစဉ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ပြီး ယိမ်းအကအဖွဲ့များအား တစ်ဖွဲ့လျှင် ကျပ်ငါးသိန်းနှုန်းဖြင့် ဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ရေသဘင်ပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များ၊ စုစုပေါင်း ၁၁၅ ဦးခန့် တက်ရောက်ကာ ရေကစားကြပြီး တက်ရောက်သူများအားလုံးကို မုန့်လုံးရေပေါ်နှင့် ကြာဇံဟင်းခါး တို့ဖြင့်ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **ဖိုဇွန်းပါလ်(ပြန်/ဆက်)**

## ပန်လုံမြို့၌ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကျင်းပ

**ပန်လုံ ဧပြီ ၁၅**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၄နာရီခွဲက ပန်လုံမြို့ အမှတ်(၂) ရပ်ကွက်ရှိ ဝိဟန်ပန်(ယွန်း) ကျောင်း ပရိဝုဏ်အတွင်းပြုလုပ်ရာ နယ်မြေခံတပ်မှ နည်းဗျူဟာမှူးနှင့် မြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ယိမ်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။



ထို့နောက် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် "ဝ" ယဉ်ကျေးမှုအဖွဲ့၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့နှင့် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ပန်လုံမြို့တွင် သင်္ကြန်ပွဲတော်ကို အကြိုနေ့မှ အတက်နေ့အထိ နေ့လယ်ပိုင်းတွင် စတုဒိသာများ ကျွေးမွေးခြင်း၊ ရေပက်ကစားခြင်း၊ ညပိုင်းတွင် ရိုးရာယဉ်ကျေးမှုအကများ၊ ယိမ်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပန်လုံ(ပြန်/ဆက်)**

**ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပလျက်ရှိရာ သင်္ကြန်အကြတ်နေ့တွင် ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။** မြို့နယ်(ပြန်/ဆက်)



**တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မဟာသင်္ကြန်အကြတ်နေ့တွင် ပြည်သူများ ရေပက်ခံကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် အတာရေသဘင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲစဉ်။** ခိုင်ထူး(ပြန်/ဆက်)



**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ရွှေသောင်ယံ ကမ်းခြေတွင် သင်္ကြန်တွင်းလာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

ရွှေသောင်ယံ(ပြန်/ဆက်)



❖ *ကျောဖုံးမှ*

Co-Main Event နှစ်ပွဲနှင့် စိန်ခေါ်ပွဲ ရှစ်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက်ပွဲ ထိုးသတ်ရခြင်းဖြစ်ပြီး ယခုပွဲ ထပ်မံအနိုင်ရပါက ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲ ထိုးသတ်ခွင့်ရဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ယခုနှစ်ဆန်းပိုင်းက ထိုးသတ်သည့် ဘရာဇီးနိုင်ငံသား ဂယ်ဗိုနှင့်ပွဲတွင် ပထမအချီ၌ အလဲထိုးအနိုင်ရခဲ့သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ် လက်လွှတ်ခဲ့ရပြီးနောက်ပိုင်း ချန်ပီယံဆု စိန်ခေါ်ခွင့်မရသေးဘဲ ယခုပွဲအနိုင်ရပါက ယင်းအခွင့်အရေး ရလာဖွယ်ရှိနေသည်။

ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ဂျွန်ဆင် (အမေရိကန်) နှင့် စိန်ခေါ်သူ အက်ဒရီယာနို (ဘရာဇီး) ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ Co-Main Event များအဖြစ် မွေထိုင်းဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ရော့ထောင်း (ထိုင်း) နှင့် စိန်ခေါ်သူ အက်ဂါ (မက္ကဆီကို)၊ ဖလိုင်းဝိတ်တန်း Submission Grappling ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ မစ်ကီ (အမေရိကန်) နှင့် စိန်ခေါ်သူ အိုဆင်မန် (အီဂျစ်) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ စိန်ခေါ်ပွဲများအဖြစ် စတန့် (ထိုင်း) နှင့် အန်ဒါဆင် (အမေရိကန်)၊ ရော်ဘာတို (ခရိုအေးရှား) နှင့် ဇီဘာတီယန် (ဆွီဒင်)၊ အောင်လအန်ဆန် (မြန်မာ) နှင့် ဖန်ယုံ (တရုတ်)၊ ဆာဂီ (အမေရိကန်) နှင့် အာမက် (ပါကစ္စတန်)၊ ဘန်တန် (အမေရိကန်) နှင့် မာတင် (ဩစတြေးလျ)၊ ဒီရစ်ဒါ (နယ်သာလန်) နှင့် ရော့တိုလို (အမေ ရိကန်)၊ ကီရာယတ် (ကာဇက်စတန်) နှင့် ရီဆီမက္ကလာရင် (ဩစတြေးလျ)၊ လိုဝန် (အမေရိကန်) နှင့် အော့ရေးယွန် (တောင်ကိုရီးယား) တို့ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ စိန်ခေါ်ပွဲများတွင် အမျိုးသမီးတွဲဆိုင်း နှစ်ပွဲပါဝင်မည်ဖြစ်ပြီး ဒီရစ်ဒါနှင့် ရော့တိုလိုတို့ပွဲကို မစ်ဒယ်ဝိတ်တန်း Submission Grappling ပွဲစဉ်အဖြစ် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

❏ *ကျောဖုံးမှ*

နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် ဧပြီလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ရွာသာကြီး - သဲဖြူကုန်း ခရီးစဉ်ပြေးဆွဲနေသော မြန်မာ့မီးရထား ကျောက်ရထားကို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်

**နေပြည်တော် မေ ၁၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူအများ၏ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေစေရေး၊ ပြည်တွင်းထုတ်ကုန်များနှင့် နယ်စပ်ဒေသမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာစီးဆင်းနိုင်ရေး စသည့်ရည်မှန်းချက်တာဝန်များချမှတ်၍ ရထားကွန်ရက်ကြီးတစ်ခုလုံးတွင် အမြန်လူစီးရထားခရီးစဉ် ၁၈ စင်း၊ စာပို့ရထားခရီးစဉ် ၁၂ စင်း၊ လူစီးကုန်တင်ရထားခရီးစဉ် ရှစ်စင်းတို့နှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ်အစင်း ၃၀ စုစုပေါင်း ရထားခရီးစဉ် ၆၈ စင်းတို့နှင့် ကုန်ရထားခရီးစဉ်များကို နေ့စဉ်စီစဉ်ပြေးဆွဲလျက်ရှိသကဲ့သို့ ရထားလမ်းပိုင်းများကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် ကျောက်ရထားများ၊ အင်ဂျင်နီယာရထားခရီးစဉ်များဖြင့်လည်း သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။



**သံလမ်းထိန်း လေးပေခန့် ပြတ်ထွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရှိ ရွာသာကြီး - သဲဖြူကုန်း ခရီးစဉ်ပြေးဆွဲနေသော အမှတ်(၆၈၈-A) အဆန်ရထားသည် မြန်မာ့မီးရထားပိုင် လမ်းခင်းကျောက်များ တင်ဆောင်ရန် ထွက်ခွာလာစဉ် သထုံမြို့နယ် သထုံဘူတာနှင့် ရင်းငြိမ်ဘူတာအကြား တံတားအမှတ် (၉၃)ကားလမ်းကူး မိုင်တိုင်အမှတ်၊ ၁၄၁/၁၅-၁၄ သို့ မေ ၁၄ မွန်းလွဲ ၁ နာရီတွင် ဖြတ်သန်းမောင်းနှင်စဉ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် စက်ခေါင်း DF-2053 ၏ Cab-1 စက်ခေါင်းမောင်း ရှေ့လေကာမှန်ကွဲအက်သွားပြီး ရထားလမ်းအနောက်ဘက်သံလမ်းတစ်ပေခွဲခန့်နှင့် အရန်အတွင်း သံလမ်းထိန်း လေးပေခန့် ပြတ်ထွက်ခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များ၏ မိုင်းထောင်ထားသည့် ရည်ရွယ်ချက်မှာ သံလမ်းပြတ်ထွက်၍ ရထားတိမ်းမှောက်ပြီး ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့စေရန်ဖြစ်သည်။ အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် သထုံ-ရင်းငြိမ်လမ်းပိုင်းကို မွန်းလွဲ ၁ နာရီ ၃၁ မိနစ်တွင် ပိတ်ထားခဲ့ရသဖြင့် လူစီးရထားတစ်စင်းမှာ တစ်နာရီခွဲခန့်၊ အမှတ် (၆၈၄) အဆန်တွဲလွတ်ကျောက်ရထားမှာ ၅၅ နာရီခန့် နောက်ကျခဲ့ရပြီး သံလမ်းကို ပြန်လည်ပြုပြင်ခဲ့ရာ ညနေ ၄ နာရီ ၃၆ မိနစ်မှစ၍ ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထား၏ ရန်ကုန် - ပဲခူး - မော်လမြိုင် လမ်းပိုင်းအတွင်း ရထားလမ်းများ၊ တံတားများကို ရည်ရွယ်ချက်ရှိရှိဖြင့် တံတားမိုင်းခွဲခံရမှု ခြောက်ကြိမ်၊ သံလမ်းမိုင်းခွဲခံရမှု လေးကြိမ်၊ လက်လုပ်မိုင်းပေါက်ကွဲ/တွေ့ရှိမှု ခြောက်ကြိမ် စုစုပေါင်း ၁၆ ကြိမ်နှင့် ဘူတာ/ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း တစ်ကြိမ်တို့ကို ကျူးလွန်ခဲ့ကြသည်။

ထို့အတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၁၂ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၃၇ ကြိမ်၊ ဘူတာများအား မီးရှို့ဖျက်ဆီးခြင်း ၁၁ ကြိမ်တို့ကို ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

**မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု**

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ အများပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကအားထားနေရသည့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတွင် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များပြေးဆွဲမှု နှောင့်နှေးကြန့်ကြာစေရေး၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေရေးအတွက်သာမက ပြည်သူလူထုအတွက် ရထားလမ်းစနစ် ပိုမိုကြံ့ခိုင်တောင့်တင်းလာအောင် စီစဉ်ဆောင်ရွက်နေသည့် ဌာနပိုင်လမ်းခင်းကျောက်သယ်ဆောင်သည့် ရထားခရီးစဉ်များကိုပါ ယုတ်မာရက်စက်စွာ အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်နေကြသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ဒေသခံပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာပြီး ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာမှ ဌေးဌေးမြင့် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် မေ ၁၅**

ITF Asia 14 & U Development Championship Finals ပြိုင်ပွဲကို အိန္ဒိယနိုင်ငံ Bhubaneswar မြို့၌ မေ ၄ ရက်မှ ၁၄ ရက်အထိ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဌေးဌေးမြင့်ကို ITF Team မှ ဖိတ်ခေါ်ပြီး South East Asia ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ရာ ITF Junior Ranking 11 ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီရှား၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ကာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ မြန်မာ၊ ကိုရီးယားနိုင်ငံတို့မှ အမျိုးသမီးကစားသမား ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင်အားကစားသမား ဌေးဌေးမြင့်ကို (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရွေးချယ်ထားကြောင်း သိရသည်။

**အာကာစိုး**



## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာပါဝင်သော အုပ်စု (က)မှ အင်ဒိုနီးရှားနုတ်ထွက်

**ရန်ကုန် မေ ၁၅**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာပါဝင်သော အုပ်စု (က) မှ အင်ဒိုနီးရှားအသင်း နုတ်ထွက်ခဲ့သဖြင့် လေးသင်းသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**နုတ်ထွက်**

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ယခင်က အသင်းစုစုပေါင်း ကိုးသင်းယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့ပြီး အင်ဒိုနီးရှားအသင်းသည် အုပ်စုမဲခွဲပွဲပြုလုပ်ပြီးမှ နုတ်ထွက်ခဲ့သဖြင့် အုပ်စုတစ်ခုလျှင် လေးသင်းစီသာ ပါဝင်မည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်း နုတ်ထွက်အပြီး အုပ်စု (က) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား၊ အုပ်စု (ခ) တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေပြီး လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ယခု နောက်ပိုင်းနှစ်များတွင် ခြေစွမ်းပိုင်း သိသိသာသာတိုးတက်လာသည့် ဖိလစ်ပိုင်တို့ကို ကျော်ဖြတ်ရမည်ဖြစ်သည်။

**လေ့ကျင့်လျက်ရှိ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပါရီအိုလံပစ်ခြေစစ်ပွဲအပြီးတွင် ဆက်လက်လေ့ကျင့်လျက်ရှိပြီး ပြင်ဆင်ချိန် ရက် ၂၀ ကျော် ရရှိမည်ဖြစ်သည်။ **ရဲရင့်လွင်**

## ခြေစွမ်းထက်နေသည့် နယူးကာဆယ် အက်စ်တွန်ဗီလာကို ဂိုးပြတ်ရှုံးနိမ့်

ပရီမီယာလိဂ် ပွဲစဉ် (၃၁) မှ အစော ဆုံးပွဲစဉ်ဖြစ်သည့် အက်စ်တွန်ဗီလာနှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင် ဗီလာအသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်ကို မေ ၁၅ ရက် ည ၆ နာရီက ဗီလာပတ်ခ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည့် နယူးကာဆယ်အသင်းသည် ယခုပွဲစဉ်တွင် ပြိုင်ဘက်အသင်း၏ ဖိအားပေးမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။

နယူးကာဆယ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၁ မိနစ်တွင် ရရှိခဲ့ပြီး ဝက်ကင်စ်၏ ဖန်တီးမှုမှ ဂျာကော့ဘ်ရမ်ဆေးက သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၆၁ မိနစ်တွင် ဗီလာအသင်း ဒုတိယသွင်းဂိုး ရရှိခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ သို့သော်လည်း ပွဲချိန် ၆၅ မိနစ်တွင် မော်ရီနို၏ ဖန်တီးမှုကို ဝက်ကင်စ်က ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် ဒုတိယသွင်းဂိုး ရရှိခဲ့သည်။

ထို့အပြင် ပွဲချိန် ၈၃ မိနစ်၌ အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ဝက်ကင်စ်က ပင်သွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ဗီလာအသင်းသည် လိဂ် ၃၁ ပွဲကစားပြီး ရမှတ် ၅၀ ဖြင့် နာမည်ကြီး လီဗာပူး၊ ချယ်ဆီးအသင်းတို့အထက်တွင် ရပ်တည်နိုင်ခဲ့ပြီး ဥရောပဝင်ခွင့်တစ်နေရာ ရရှိရန် အားကောင်းလာခဲ့ပြီ ဖြစ်သည်။ ယခုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ပြိုင်ဘက် နယူးကာဆယ်အသင်းက ရမှတ် ၅၆ မှတ် ရရှိပြီး မန်ယူထက် ဂိုးကွာခြားချက်အသာဖြင့် တတိယနေရာတွင် ဆက်လက်ရပ်တည်နေခဲ့သည်။

အခြားပွဲစဉ် ရလဒ်များတွင် ချယ်ဆီးက ဘရိုက်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးကာ စပါးကလည်း အိမ်ကွင်းတွင် ဘုန်းမောက်ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အဲဗာတန်က အိမ်ကွင်း၌ ဖူလ်ဟမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးကာ ဆောက်သမ်တန်ကလည်း အိမ်ကွင်း၌ ပဲလေ့စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။ ဝုလ်က ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ **အောင်ဇော်**



နယူးကာဆယ်အသင်းဘက်သို့ ဂျာကော့ဘ် ရမ်ဆေး ဂိုးသွင်းယူမှုစဉ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် –

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံ နှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၃)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၄-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- **၀၉:၁၀** ဒါသကြိန်အဆိုအကများ
- **၁၀:၀၀** **"ပီတောက်လက်ဆောင်"** တေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၂:၁၀** **"ရဟန်းတစ်ပါးကြွလာသည်"** တရားတော်
- **၁၃:၀၀** MRTV National News
- **၁၃:၁၅** မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မြန်မာ့ရိုးရာ မဟာသကြိန်ပွဲတော် အတက်နေ့မြင်ကွင်းများ (နေပြည်တော်၊ရန်ကုန်၊မန္တလေး)
- **၁၄:၁၅** မြန်မာဂန္ထဝင်ရုပ်ရှင် **'ကညာပျိုနှင့်ဇရာအို'** (ပထမပိုင်း)
- **၁၆:၃၀** မြန်မာဂန္ထဝင်ရုပ်ရှင် **'ကညာပျိုနှင့်ဇရာအို'** (ဇာတ်သိမ်းပိုင်း)
- **၁၇:၃၅** ဒါသကြိန်အဆိုအကများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ဒါသကြိန်အဆိုအကများ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၈)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဒါသကြိန်အဆိုအကများ
- **၂၁:၃၀** ဘဝနှင့်အနုပညာ
- **၂၂:၀၀** မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မြန်မာ့ရိုးရာ သကြိန်ပွဲတော် အတက်နေ့မြင်ကွင်းများ (နေပြည်တော်၊ရန်ကုန်၊မန္တလေး)

### mitv

- **07:02** Evergreen Classic: Suvanna Sama (Hnin Yee Thant)
- **07:10** The Pride Of Myanmar Traditional Handicraft
- **07:17** Between the Beaches: Chaung Tha Vs Ngwe Saung
- **07:28** Myanmar's Traditions and Culture: The Golden Land
- **07:47** Thingyan Rhythm
- **08:01** News
- **08:27** Products of Myanmar - Shin Ma Taung Thanakhar
- **08:43** Myanmar Harpist
- **08:50** Thingyan Songs & Dances
- **09:01** Chef Life: Kelvin Hong Song (Chinese Chef)
- **09:35** Today Myanmar
- **09:52** Myanmar Traditional Snacks (Cendol: Mont Let Saung)
- **10:01** News

### MRTV NRC

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
မြူးကြွတေးသံ NRC သကြိန်(အပိုင်း-၁)

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ပျော်ရွှင်ကြမည်မွန်ရိုးရာအတာသကြိန်ဆီ

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
နေပြည်တော်လမ်းလျှောက်သကြိန်မြင်ကွင်းများ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
နေပြည်တော်လမ်းလျှောက်သကြိန်မြင်ကွင်းများ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
နေပြည်တော်လမ်းလျှောက်သကြိန်မြင်ကွင်းများ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
နေပြည်တော်လမ်းလျှောက်သကြိန်မြင်ကွင်းများ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

**ပအိုဝ်း/ကရင် (၁၉:၀၀ မှ ၂၀:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
မြူးကြွတေးသံ NRC သကြိန်(အပိုင်း-၃)

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရေချမ်းဖြန်းလို့လန်းစေသား

**ချင်း (လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၈:၄၅** ချမ်းမြေ့စေမှာမနေး မင်္ဂလာမန္တလေး
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၁:၄၅** Next Level
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၈:၀၀** အဖွင့်၊အလဲ
- **၀၈:၀၂** ဒါသကြိန်အဆိုအကများ
- **၀၈:၃၀** မန္တလေးမဟာသကြိန်အတက်နေ့ (နံနက်ပိုင်း) တိုက်ရိုက်ထုတ်လွှင့်မှု
- **၁၃:၀၀** ဒါသကြိန်အဆိုအကများ
- **၁၅:၀၀** မန္တလေးမဟာသကြိန်အတက်နေ့ (ညနေပိုင်း) တိုက်ရိုက်ထုတ်လွှင့်မှု
- **၁၉:၀၀** ဒါသကြိန်အဆိုအကများ
- **၂၀:၀၀** ပြည်တွင်းသတင်း

### MRTV FARMERS

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၅၀** သုတဝေစည်တောင်သူဆီ
- **၀၇:၀၀** နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်မွေးကဏ္ဍမြှင့်တင်စို့
- **၀၇:၃၅** မွေးမြူရေးရာအဖြာဖြာ
- **၀၈:၃၀** စာသင်ခန်းမှသည်လယ်တောဆီ
- **၀၉:၀၀** နေပြည်တော်မဟာသကြိန်အတက်နေ့ (နံနက်ပိုင်း) တိုက်ရိုက်ထုတ်လွှင့်မှု
- **၁၅:၀၀** နေပြည်တော်မဟာသကြိန်အတက်နေ့ (ညနေပိုင်း) တိုက်ရိုက်ထုတ်လွှင့်မှု

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၇:၀၀** Sports News
- **၀၈:၀၀** ရန်ကုန်မဟာသကြိန်အတက်နေ့ မြင်ကွင်းများ တိုက်ရိုက်ထုတ်လွှင့်မှု
- **၁၃:၀၀** ဒါသကြိန်အဆိုအကများ
- **၁၅:၀၀** ရန်ကုန်မဟာသကြိန်အတက်နေ့ မြင်ကွင်းများ တိုက်ရိုက်ထုတ်လွှင့်မှု
- **၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများကို ဘေးမဲ့ပေးရန်နိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီလ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော(သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထို ပုစွန်တုပ်ကြီးများမှထောင်ပေါင်း များစွာသော ပုစွန်များပေါက်ပွားလာနိုင်မည် ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဧပြီလ၊ မေနှင့် ဇွန်လများတွင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက **"ရေချိုငါးလုပ်ငန်းဥပဒေ"**ပါ ပြဋ္ဌာန်းချက်များ အရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်ကြီးများ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်း စားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်း နှင့် ငါး အစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်း မျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း၊ စသည့် နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေ အရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ် အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်း ရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင် ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာ သည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက် ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မွန်ပြည်နယ် ၊ မော်လမြိုင်ခရိုင်/သထုံခရိုင် ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် မော်လမြိုင်ခရိုင်/သထုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၏ ပြည်ထောင်စု / ပြည်နယ်(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း များအတွက် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းရှင် မြန်မာနိုင်ငံသားများထံမှ ပစ္စည်းတင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၂၄-၄-၂၀၂၃ ရက်မှ

(ခ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၄-၅-၂၀၂၃ ရက်ထိ

(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - ရုံးချိန်အတွင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ မော်လမြိုင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ၊ သထုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

၃။ **တင်ဒါဖွင့်မည့်နေ့ရက်** - ပြန်လည်အကြောင်းကြားပါမည်။

၄။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မော်လမြိုင်ခရိုင်၊ ဖုန်း-၀၉-၂၅၅၇၈၄၁၇၂နှင့် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သထုံခရိုင်၊ ဖုန်း-၄၃၁၉၁၄၃၉ သို့ ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇+၈)၊ တိုက်တန်းဝွေးဇီးအကွက်၊ ဦးပိုင်အမှတ်(၁၁၅/ဃ)၊ ဧရိယာ ၀ဒသမ ၀၄၈ ဧကရှိ ဦးသိန်းဝင်း အမည်ပေါက်ပိုင်ဆိုင်သော အရှေ့-ဦးပိုင်(၁၁၆)၊ အနောက်-ဦးပိုင် (၁၁၅/ဇ+၁၁၅/ဈ+၁၁၅/င+၁၁၅/က+၁၁၅/ည)၊ တောင်-ဦးပိုင်(၁၁၇/က)၊ မြောက်-(၇)လမ်းအတွင်းရှိ ဘိုးဘပိုင်မြေမြေကွက်ကို ဒေါ်တိုးတိုးဝေ အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၅-၄-၂၀၂၃မှ၆-၅-၂၀၂၃ရက်အတွင်း ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊တောင်ငူမြို့**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/80366, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးပွင့်ဖြူ ၉/အမဇ(နိုင်)၀၅၃၈၅၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ အမှတ်(၃) ရပ်ကွက်နေ ဦးကျော်စွာဝင်း ၁၂/မရက(နိုင်)၁၄၇၈၄၁ ၏သား မောင်ဖေယံဘုန်းမြတ် အား မောင်ဖေယံလင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မြန်မာရေးရာ MYANMAR AFFAIRS မြန်မာရေးရာ(၂၃) (ဧပြီ၊ ၂၀၂၃) ထွက်ပြီ




၂၀၂၃ ခုနှစ် ဧပြီလထုတ် မြန်မာရေးရာ အမှတ်စဉ် - ၂၃ တွင်

- ကစားကွက်သစ်များအလယ်မှ မြန်မာ
- ရွှေနိုင်ငံကို ဦးတည်ထား မြန်မာ့လက်များ ခိုင်ခိုင်တွဲ
- မဟာဗျူဟာအမြင် ရှုထောင့်ဆိုသည်မှာ
- ဗမာ့တပ်မတော်၏အကြည်တော် မာရှယ်ဇူးကော့(ဗ်)
- ကျန်းမာမှုအတတ်ပညာဗျူဟာ
- အကြံဉာဏ်ပေးပါ၊ ပိုတော်ကြောင်း သာကြောင်း မပြပါနှင့်
- ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုအမွေအနှစ်
- ရေလှောင်တမံနှင့် အများပြည်သူ၏အမြင်

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၁၅၀၀) ကျပ် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈

## ကန့်ကွက်နိုင်ပါရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၆)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ ၀ ဒသမ ၀၄၁၅ ဧက အတွင်းမှ ခဲစင်းပြမြေပုံပါအတိုင်း ဧရိယာ ၀ ဒသမ ၀၂၀၇ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံ၊ တပ်ဆင်ထားသော ရေမီတာ၊ မီးမီတာ အပါအဝင် အိမ်မြေနှင့် ပတ်သက်သည့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူဒေါ်မီမီဝင်း(ဘ) ဦးနီနီဝင်း ၉/ခအဇ(နိုင်)၀၀၂၅၅၇က ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၂လမ်း၊ ၈၉လမ်းနေ ဦးမျိုးလွင်(ဘ) ဦးကျော်လှိုင် ၅/ရဥန(နိုင်)၀၀၀၃၁၉၊ ဒေါ်သက်မာဝင်း(ဘ) ဦးသိန်းဝင်း ၅/ကလတ(နိုင်)၀၆၄၄၁၆ တို့မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးသူရအောင်(LL.B)** | **ဦးစန်းယုခိုင်(LL.B)** | **ဒေါ်ဇင်မာသွယ်(LL.B)** |
| **(စဥ်- ၉၆၁၁)** | **(စဥ်-၁၂၉၁၂)** | **(စဥ်-၉၉၉၃)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**၆၃လမ်း x ၆၄ ကြား၊ ၃၂ လမ်း x ၃၃ ကြား၊ မြရတနာလမ်းသွယ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၆၉၉၉၃၃၅ ၊ ၀၉-၂၆၉၉၉၃၉၂ ၊ ၀၉-၇၉၇၂၀၈၇၃၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၂၅၅၁ Super Mandalar Medium Truck , L/T(4x2)R ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/2795 Dump Truck ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ သံမဏိရပ်ကွက်၊ (၃)လမ်း၊ (နန်းဝင်းအောင်ပွဲရုံ)နေ(ဘ)ဦးကျော်မြင့်ခိုင် ၇/ကတခ(နိုင်)၀၇၉၆၁၄ ၏ သားလတ်ဖြစ်သူ မောင်ကိုကိုအောင် ၇/ကတခ(နိုင်)၂၁၂၂၇၂ သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။
(၎င်းနှင့်ပတ်သက်၍မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ)။

**ဦးကျော်မြင့်ခိုင်-ဒေါ်စန်းမော်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနအသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါက်ခေါင်းမြို့နယ်၊ ဖြူးမြို့နယ်၊ ရေတာရှည်မြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်များအတွင်း တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၆၉၆ တန်နှင့် အခြားသစ်မျိုးစုံ ၃ ဒသမ ၄၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၇၄၄၅၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Aero Walk တံဆိပ်ပါ အမျိုးသမီးစီးဖိနပ် အရန် ၅၀၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀) နှင့် အဆိုပါလူသုံးကုန်ပစ္စည်းများတင်ဆောင်သော



Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဧပြီ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ပ(ထွက်ခွာ)ဂိတ်၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်၏ ခရီးဆောင်အိတ်အတွင်းမှ တင်ပို့ခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Dji Mavic 3 Cine Drone တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၃၇၄၄၅၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ ရေကစားနေသူ အမျိုးသားတစ်ဦး ဆီဘောက်ဆာယာဉ်တိုက်မိ၍ သေဆုံး

**နေပြည်တော် ဧပြီ ၁၅**

နေပြည်တော် လယ်ဝေးမြို့နယ်၌ ဧပြီ ၁၄ ရက်နေ့က ရေကစားနေသူ အမျိုးသားတစ်ဦးကို ဆီဘောက်ဆာယာဉ်တိုက်မိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း သာဝတ္တိမြို့ဘက်မှ လယ်ဝေးမြို့ဘက်သို့ သဃ်န်းကျွန်းမြို့နယ် (၁၉)ရပ်ကွက်နေ ဦးထွန်းထွန်း(၆၀ နှစ်) မောင်းနှင်လာသည့် 5Q/xxxx UD/QUESTR ဆီဘောက်ဆာယာဉ်သည် လယ်ဝေးမြို့နယ် အေလာလမ်းဆုံအရောက် လမ်းဘေးတွင် ရေကစားနေသည့် ကြောင်ရေကျေးရွာနေ ကိုအေးဇော်လတ်(၃၈ နှစ် ) ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ရာ ကိုအေးဇော်လတ်တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် လယ်ဝေးမြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သောကြောင့် ထွန်းထွန်းအား အေလာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **မိမိတို့နိုင်ငံသမိုင်းတွင် လူမျိုးစွဲပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ပဋိပက္ခများဖြစ်ပွားနေသည်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် သင်ခန်းစာယူရမည့်အချက်ဖြစ်ပါသည်။ မိမိအယူအဆ၊ သဘောထားဆန္ဒများနှင့် မကိုက်ညီသူများကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုမရှိပါ။ ထို့အတူ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမည့်အန္တရာယ်ကို ဖြစ်စေသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ကြရေး အလေးထားစဉ်းစားကြရန် တိုက်တွန်းမှာကြားလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## မဟာသင်္ကြန်(အကြတ်နေ့)တွင် မန္တလေးမြို့တွင်းရှိ သင်္ကြန်မဏ္ဍပ်များနှင့် တောင်သမန်အင်း ဦးပိန်တံတား အပန်းဖြေနေရာများ၌ သင်္ကြန်ချစ်သူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကား

**မန္တလေး ဧပြီ ၁၅**

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန် (အကြတ်နေ့)တွင် မန္တလေးမြို့တွင်းရှိ သင်္ကြန်မဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပရာ နေရာများနှင့် တောင်သမန်အင်း ဦးပိန်တံတား အပန်းဖြေနေရာများတွင် သင်္ကြန်ချစ်သူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

နံနက်ပိုင်း အချိန်အခါသမယတွင် မိမိတို့မြို့နယ်၊ ရပ်ကွက်အလိုက် ဘုရားစေတီ ပုထိုးများ၊ ဓမ္မာရုံများ၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် သင်္ကြန်အကြတ်နေ့ကို ကုသိုလ်ကောင်းမှုတို့ဖြင့် အစပြုခဲ့ကြသည်။

သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် သင်္ကြန်ချစ်သူပြည်သူများကလည်း မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်အပါအဝင်

စာမျက်နှာ ၁၂ ကော်လံ ၁ ◆



## လေပြင်းတိုက်၊ မိုးကြိုးပစ်၊ မိုးသီးကြွေခြင်းနှင့် မိုးထစ်ချုန်းခြင်းဖြစ်ပေါ်နိုင်

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် ဧပြီလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီ ကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့် လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့် လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်

စာမျက်နှာ ၂၆ ကော်လံ ၅ ❑

## အောင်လအန်ဆန်နှင့် ဖန်ယုံပွဲစဉ်ပါဝင်မည့် ONE Fight Night-10 ပြိုင်ပွဲကျင်းပမည်

ONE Championship အဖွဲ့အစည်းသည် မေ ၅ ရက် (မြန်မာစံတော်ချိန် မေ ၆ ရက် နံနက်ပိုင်း) တွင် အမေရိကန်နိုင်ငံ၌ ONE Fight Night-10 ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး တွဲဆိုင်း ၁၁ ဆိုင်း ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်နှင့် တရုတ်နိုင်ငံသား ဖန်ယုံတို့ ယှဉ်ပြိုင်ထိုးသတ်မည့် စိန်ခေါ်ပွဲပါဝင်မည်ဖြစ်ပြီး Main Event တစ်ပွဲ၊

စာမျက်နှာ ၂၆ ကော်လံ ၁ ❖


ယနေ့ သတင်း အညွှန်း

"ဝ" တိုင်းရင်းသားတို့၏ ပင်းဆိုင်းCBTကျေးရွာ — ရှေ့နိုင်ငံမြင်ကွင်းကျယ် — စာ ၁၆

မဟာသင်္ကြန်ပွဲတော်(အကြတ်နေ့)တွင် မြို့နယ်အသီးသီး၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိ — ပြည်တွင်းသတင်း — စာ ၁၈

ခြေစွမ်းထက်တဲ့ မန်ယူကို တန်းဆင်းဇုန်က နော်တင်ဟမ် ကျော်ဖြတ်ဖို့ ခက်မယ် — စာ ၂၂